# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့အတွင်း နေထိုင်စားသောက်ရေးအတွက် မိရိုးဖလာသမားရိုးကျဖြင့် ကျေနပ်နေ၍မရဘဲ နည်းပညာအထောက်အကူရယူ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝပြည့်စုံကာ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကိုပါ အထောက်အကူပြု

## တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှစဉ်းစား၍ ရန်ကုန်တိုင်းဒေသကြီး တိုးတက်ရေး အလေးထားစီမံဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ ဖတ်စရာ


ဝန်ထမ်းကောင်းလေ တိုင်းပြည်ကောင်းလေ — ဆောင်းပါး — စာ - ၁၀

အီတလီနိုင်ငံ၌ အသက် ၆၀ နှင့်အထက်များကို ကိုဗစ် - ၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပေး — နိုင်ငံတကာသတင်း — စာ - ၁၃

မနေ့အမြန်ထိုးနှံပေး ကာကွယ်ဆေးနှင့် လူငယ်များ၏ပညာရေး — ဆောင်းပါး — စာ - ၁၆

# စနစ်တကျ စွန့်ပစ်ကြပါမှ မြို့ပြသန့်ရှင်းလှပနိုင်မည်

လာမည့်နှစ်ပေါင်း ၃၀ ကာလတွင် ကမ္ဘာပေါ်ရှိ မြို့ကြီးများ၌ နေထိုင်သူ လူဦးရေသည် လက်ရှိလူဦးရေ၏ နှစ်ဆဖြစ်လာဖွယ်ရှိသည်ဟုဆိုသည်။ မိမိတို့နိုင်ငံတွင်လည်း မြို့ပြများသို့ ပြောင်းရွှေ့ အခြေချမှုများပြားလျက်ရှိရာ စီးပွားရေးမြို့တော် ရန်ကုန်၏ လူဦးရေမှာလည်း လျင်လျင်မြန်မြန် တိုးလာခဲ့သည်။ လက်ရှိအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၇ ဒသမ ၈ သန်းကျော် နေထိုင်လျက်ရှိရာအများစုမှာ ရန်ကုန်မြို့တော်ကြီးနှင့် ဆင်ခြေဖုံးမြို့နယ်များတွင် နေထိုင်နေကြခြင်းဖြစ်သည်။

မြို့ပြကြီးထွားလာခြင်းနှင့်အတူ တစ်ဖက်တွင်လည်း စွမ်းအင်လိုအပ်ချက်၊ သောက်သုံးရေ လိုအပ်ချက်၊ အိမ်ရာ လိုအပ်ချက်၊ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်၊ ဝန်ဆောင်မှု လိုအပ်ချက်များပါ ကြီးထွားလာသည်။ မြို့နေလူထု၏ လိုအပ်ချက်များစွာတို့ အနက် အများစုကို မြို့တော်စည်ပင်သာယာရေးကော်မတီက ထမ်းဆောင်ဖြည့်ဆည်းပေးနေရခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် အနည်းငယ်က စစ်တမ်းတစ်ခုတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှိုက်သိမ်းစနစ်၊ ခွေးလေခွေးလွင့် နှိမ်နင်းမှုနှင့် မြို့ပြဧရိယာအတွင်း ရေကြီးရေလျှံမှုများအပေါ် မြို့နေလူထု ၄၇ ရာခိုင်နှုန်းက စိတ်ကျေနပ်မှုနည်းပါးနေကြောင်း ဖော်ပြထားသည်ဟု သိရသည်။

ရန်ကုန်မြို့တွင် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ် ၃၃ မြို့နယ်ရှိပြီး နေ့စဉ် အမှိုက်တန်ချိန် ၂၃၀၀ မှ ၂၅၀၀ အထိ ထွက်ရှိကြောင်း၊ ရန်ကုန်မြို့နေ လူတစ်ဦးသည် တစ်နေ့လျှင် အမှိုက် ၀ ဒသမ ၅ ကီလိုဂရမ်ကို စွန့်ပစ်ကြောင်း သိရသည်။ စွန့်ပစ်အမှိုက်များကို အရင်းအမြစ်များ ခွဲခြားကြည့်ပါက ဆေးရုံဆေးခန်းထွက် အမှိုက် ၀ ဒသမ ၁၂ ရာခိုင်နှုန်း၊ စီးပွားရေးလုပ်ငန်းထွက် အမှိုက် ၅ ဒသမ ၈၄ ရာခိုင်နှုန်း၊ အိမ်ထောင်စုထွက် အမှိုက် ၈၂ ရာခိုင်နှုန်း၊ စက်မှုကုန်ထွက် အမှိုက် ၆ ရာခိုင်နှုန်း၊ ဈေးထွက်အမှိုက် ၃ ဒသမ ၁၄ ရာခိုင်နှုန်း ရှိသည်ဟုဆိုရာ အများစုမှာ အိမ်ထောင်စုများက စွန့်ပစ်သော အမှိုက်များပင်ဖြစ်သည်။

စင်စစ်ရန်ကုန်လူထု ၄၇ ရာခိုင်နှုန်းက စိတ်ကျေနပ်မှု နည်းပါးနေသည့် အမှိုက်သိမ်းစနစ်၊ ခွေးလေခွေးလွင့်နှင့် ရေကြီးရေလျှံမှုတို့၏ အခြေခံအကျဆုံးသော အကြောင်းတရားမှာ အမှိုက်စွန့်ပစ်ခြင်းပင်ဖြစ်သည်။ အမှိုက်များကို စည်းနှင့်ကမ်းနှင့် စနစ်တကျ စွန့်ပစ်ကြမည်ဆိုပါက ခွေးလေခွေးလွင့်ပြဿနာနှင့် ရေကြီးရေလျှံပြဿနာတို့လည်း တစ်ပါတည်း ပြေလည်သွားနိုင်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး၏ အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ်တွင် အမှိုက်ကို အစိုနှင့် အခြောက်ဟူ၍ နှစ်မျိုးသာခွဲခြားထားခြင်းဖြစ်သည်။ မီးဖိုချောင်ထွက် အမှိုက်များ၊ စားကြွင်းစားကျန်များ၊ ဘုရားပန်း စသည့် အမှိုက်စိုများကို အစိမ်းရောင် အမှိုက်အိတ်တွင်ထည့်၍ လုံခြုံစွာ ချည်နှောင်ကာ နေ့စဉ် စွန့်ပစ်နိုင်ပြီး စက္ကူ၊ ဖော့ဘူး၊ ပလတ်စတစ်၊ ကစားစရာ အကျိုးအပဲ့များ၊ သတ္တုအပိုင်းအစများ၊ ဝိုင်ယာကြိုးစများ စသည့် အမှိုက်အခြောက်များကို အပြာရောင် အမှိုက်အိတ်တွင်ထည့်၍ လုံခြုံစွာချည်နှောင်ကာ တစ်ပတ်လျှင် နှစ်ကြိမ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် စွန့်ပစ်နိုင်သည့် စနစ်ပင်ဖြစ်သည်။ အမှိုက်ပစ်သူက စနစ်တကျစွန့်ပစ်၍ အမှိုက်သိမ်းသူက မှန်မှန်သိမ်းလျှင် အဆင်ပြေသည့် နည်းလမ်းပင်ဖြစ်ပြီး ခွေးလေခွေးလွင့်ပြဿနာနှင့် ရေမြောင်းများ ပိတ်ဆို့၍ ရေကြီးရေလျှံသည့် ပြဿနာတို့ကိုလည်း ရာခိုင်နှုန်းအတော်များများ လျော့ပါးသွားစေနိုင်မည်ဟု ယုံကြည်မိသည်။

မြို့တော်ကြီး စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာရေး၊ တင့်တယ်လှပရေးတွင် မြို့နေလူထုက အဓိကကျသည့်အလျောက် ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ တာဝန်ရှိအဖွဲ့အစည်း၏ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် နိုင်ငံ့မျက်နှာဖုံး စီးပွားရေးမြို့တော်ကြီးကို ဂုဏ်တင့်နိုင်ပါစေကြောင်း။ ။

## အထွက်ကောင်းဆီနေကြာ ဆင်းရွှေကြာ(၂) မျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်

**တောင်ငူ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း စားသုံးဆီဖူလုံရေးအတွက် နေကြာသီးညှပ်စိုက်ပျိုးမည့် တောင်သူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့သော အထွက်ကောင်းဆီနေကြာဆင်းရွှေကြာ(၂) မျိုးစေ့အိတ်များကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပေးအပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းလှိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ညွန့်တို့က တောင်ငူမြို့နယ်အတွင်း မတ်ပဲစိုက်ခင်းများအကြား သီးညှပ်စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာ ၁၈ ရွာမှ တောင်သူများအတွက် မျိုးစေ့အိတ်တစ်အိတ်လျှင် နှစ်ဧကနှုန်း စိုက်ပျိုးနိုင်မည့် အထွက်ကောင်းဆီနေကြာ ဆင်းရွှေကြာ(၂)မျိုးစေ့ ဧက ၆၀၀ အတွက် နေကြာမျိုးစေ့အိတ် ၃၀၀ ကို စိုက်ပျိုးမည့် တောင်သူ ၁၈၂ ဦးထံ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်သည်။

တောင်ငူမြို့တွင် မိုးရာသီနှင့် ဆောင်းရာသီအတွင်း ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ ၄၁၅၄ ဧကနှင့် နှမ်း ၅၃၈၃ ဧက စိုက်ပျိုးထားရာ ယခုနှစ်တွင် မတ်ပဲစိုက်ခင်းများအကြား နေကြာသီးနှံ ဧက ၆၀၀ ကို စိုက်ပျိုးမည်ဖြစ်ကြောင်း၊ လာမည့်ဆီထွက်သီးနှံ စိုက်ပျိုးရာသီတွင်လည်း ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဈေးကွက်ခိုင်မာမှုရှိသည့် ကော်ဖီသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးသင့်

**ရန်ကုန် အောက်တိုဘာ ၁၀**

ဈေးကွက်ခိုင်မာမှုရှိသည့် ကော်ဖီသီးနှံကို တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေး ကျွမ်းကျင်သူများက ပြောသည်။

“တောင်သူတွေအနေနဲ့ နောက်ပိုင်းထည့်သွင်းစဉ်းစားသင့်တဲ့ သီးနှံအမျိုးအစားထဲမှာ ကော်ဖီသီးနှံလည်း ပါဝင်ပါတယ်။ အခုကာလမှာ တောင်သူတွေ အရှုံးပေါ်ကြတာက စိုက်ပျိုးရေးပိုင်းမှာထက် ဈေးကွက်မှာ ရှုံးနေတာပါ။ တောင်သူအများစုက ဘာလို့ဈေးကွက်အရှုံးပေါ်နေလဲဆိုရင် ဈေးကွက်တောင့်တင်း ခိုင်မာမှုမရှိတဲ့ သီးနှံတွေနဲ့ သိုလှောင်သိမ်းဆည်းထားလို့မရတဲ့ သီးနှံတွေကို စိုက်ပျိုးမိလို့ပါ” ဟု ကော်ဖီစိုက်ပျိုးရေး အထူးပြု ပညာရှင် ဦးစောရန်နိုင်စိုးက ပြောသည်။

စိုက်ပျိုးသီးနှံအများစုမှာ တာရှည်သိုလှောင်၍ မရသည့်အတွက် ဈေးကွက်မကောင်းချိန်ဖြစ်သော်လည်း ရရာဈေးနှုန်းများဖြင့် ရောင်းချရသည်။

“ကော်ဖီသီးနှံကတော့ တကယ်တမ်းစနစ်တကျ သိုလှောင်ထားမယ်ဆိုရင် သုံးနှစ်၊ ငါးနှစ်အထိ ပြဿနာမရှိဘူး။ အဲဒီအတွက်ကြောင့် တောင်သူနဲ့ ကုန်သည်ပွဲစားတွေကြားမှာ တောင်သူတွေဆီမှာ အားသာတာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှ ကော်ဖီကို ပြည်ပပို့ကုန်ဈေးကွက်အနေဖြင့် အမေရိကန်၊ အင်္ဂလန်၊ ဆွစ်ဇာလန် စသည့် နိုင်ငံကြီးများသို့ နှစ်စဉ်တင်ပို့ရောင်းချနေသည့်အပြင် ယခုနှစ်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ ကော်ဖီစိုက်ခင်းများ အထွက်နှုန်း ကျဆင်းခြင်း၊ တရုတ်နိုင်ငံ



(ယူနန်ပြည်နယ် အနီးတစ်ဝိုက်ရှိ) ကော်ဖီစိုက်ခင်းများ မိုးများ၍ ပျက်စီးဆုံးရှုံးခြင်းတို့ကြောင့် မြန်မာ့ကော်ဖီမှာ ဈေးကွက်လိုလားမှု ပိုမိုမြင့်မားကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ပခုက္ကူမြို့နယ်၌ ပင်ထောင်မြေပဲများ အထွက်နှုန်းကောင်း

**ပခုက္ကူ အောက်တိုဘာ ၁၀**

ပခုက္ကူမြို့နယ်တွင် မိုးဦးကာလ (ကဆုန်၊ နယုန်)က စိုက်ပျိုးခဲ့သော ပင်ထောင်မြေပဲခေါ် မိုးဦးသုံးလပဲများ ရိတ်သိမ်းလျက်ရှိရာ ယမန်နှစ်ကထက် အထွက်နှုန်းကောင်းပြီး တစ်တင်းစိုက်ကွက်မှ ပျမ်းမျှ ၃၅ တင်းနှင့် အများဆုံး ၄၅ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

မြောက်လူးကန် ကျေးရွာမှ တောင်သူဦးညွန့်လွင်က “အညာဒေသ ပခုက္ကူနားတစ်ဝိုက်မှာ စိုက်ကြတာကတော့ မြေပဲနှစ်မျိုးရှိပါတယ်။ မြေပဲလေး (သို့) သုံးလပဲ(သို့) ပင်ထောင်မြေပဲနဲ့ မြေပဲကြီး(သို့) ၆လပဲ (သို့) ပင်ပြန့်ပဲဆိုပြီး နှစ်မျိုးနှစ်စား ရှိပါတယ်။ သုံးလပဲ ပင်ထောင်မြေပဲကို တော်သလင်း၊ သီတင်းကျွတ်မှာ ဖော်ကြရပြီး ပင်ပြန့်ပဲ မြေပဲကြီးကို တန်ဆောင်မုန်း၊ နတ်တော်လမှာ ဖော်ကြရပါတယ်”ဟု ပြောသည်။

ပခုက္ကူမြို့နယ်တွင် ယမန်နှစ်က ရာသီဥတုမမှန်သဖြင့် မြေပဲစိုက်ခင်းများ မျိုးပင်ပြန်မရသော်လည်း ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ရောင်းချရသည့် ဈေးနှုန်းလည်း သင့်တင့်ကြောင်း သိရသည်။

**အောင်ဇော်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၀-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 2 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 3 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 4 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 5 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 6 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 7 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 8 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 9 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 10 | P.O Dexamethasone | Box of 10x10's | 1450 | JDS |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

❖ ဒီမိုကရေစီစနစ်တွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အကြမ်းဖက်မှုများမှာ မဖြစ်သင့်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိပြီး တပ်မတော်က ကူညီဆောင်ရွက်၍ ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း

❖ သို့သော်အချို့သော ဖြစ်စဉ်များတွင် နှစ်ဖက်ပေးဆပ်ရမှုများရှိကြောင်း၊ အဓိကအားဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများရှိခဲ့ပြီး ထပ်မံမဖြစ်ပေါ်စေရေး ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်

❒ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးခင်ရီ၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နည်းလမ်းရှာဖွေဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ဆူပူဆန္ဒပြဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ချိန်၌ ရန်ကုန်မြို့တွင်လည်း ဖြစ်စဉ်များရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်နေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများရွေးချယ်ခဲ့သည့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ရပ်တည်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် Free and Fair မဖြစ်ခဲ့ကြောင်း၊ ဒီမိုကရေစီ၏အသက်မှာ ရွေးကောက်ပွဲ Free and Fair ဖြစ်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့သည့်အပေါ် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်သော်လည်း ပါတီထောက်ခံသူများအနေဖြင့် အကြမ်းဖက်မှုလမ်းကြောင်းကို ရွေးချယ်ခဲ့မှုကြောင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ခဲ့ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲ မသမာမှုနှင့် ရွေးကောက်ပွဲပြီးရလဒ်နှင့် ဆက်နွှယ်ဖြစ်ပေါ်လာသော လုပ်ရပ်များတွင် ပါဝင်ပတ်သက် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အကြမ်းဖက်မှုများမှာ မဖြစ်သင့်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိပြီး တပ်မတော်က ကူညီဆောင်ရွက်၍ ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်အချို့သော ဖြစ်စဉ်များတွင် နှစ်ဖက်ပေးဆပ်ရမှုများရှိကြောင်း၊ အဓိကအားဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများရှိခဲ့ပြီး ထပ်မံမဖြစ်ပေါ်စေရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်လိုကြောင်း။

**ထိန်းသိမ်းဆောင်ရွက်**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ယခင်ကထက် တိုးတက်မှုများရှိသော်လည်း လိုအပ်ချက်များ ရှိနေသေးသဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင်မော်တော်ယာဉ်များ သုံးစွဲနေမှုအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရန်အတွက် လမ်းအင်္ဂါရပ်နှင့်ကိုက်ညီသည့် လမ်းနှင့်လမ်းညွှန် အမှတ်အသားများ၊ လူကူးမျဉ်းကျားများ စနစ်တကျဆောင်ရွက်ပေးရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်နေသူ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်**

မြို့သာယာလှပရေးနှင့်ပတ်သက်၍ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း အမှိုက်သရိုက်များစွန့်ပစ်မှုကို စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် မြို့သာယာလှပမှုကို ထိခိုက်စေနိုင်သည့်အပြင် ချောင်းမြောင်းများ ပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေကြောင်း၊ ယခုနှစ်တွင် ချောင်းမြောင်းပိတ်ဆို့ခြင်းကို ဖယ်ရှားနိုင်ခြင်းကြောင့် ရေကြီးရေလျှံမှုကို တတ်နိုင်သမျှလျှော့ချနိုင်ခဲ့ကြောင်း၊ အမှိုက်များရှင်းလင်းရာတွင် မီးရှို့သည့်စနစ်နှင့် စွန့်ပစ်သည့်စနစ် နှစ်မျိုးဆောင်ရွက်နိုင်ပြီး မီးရှို့သည့်စနစ်ကို ဆောင်ရွက်ခြင်းဖြင့် ငွေကုန်ကြေးကျရှိသော်လည်း မြို့သာယာလှပမှုကိုဖြစ်စေကြောင်း၊ ပလက်ဖောင်းလမ်းများ ဆောက်လုပ်ရာတွင် လူများလွတ်လွတ်လပ်လပ် သွားလာနိုင်စေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပလက်ဖောင်းများပေါ်၌ ဈေးများရောင်းချမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ယာဉ်များသွားလာမှု လွယ်ကူစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် မြို့သာယာလှပမှုကို အထောက်အကူပြုစေကြောင်း၊ ဈေးဝယ်ကြော်ငြာဆိုင်းဘုတ်များအား သတ်မှတ်သည့် နေရာများ၌သာ ကြော်ငြာရေးကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ရရှိသည့် ရေများအားလုံး သန့်ရှင်းရန်လိုအပ်သဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

**ဘက်ပေါင်းစုံမှစဉ်းစား**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူများအားလုံးသည် နေထိုင်သွားလာမှု အဆင်ပြေသည့်အတွက် ရန်ကုန်မြို့အတွင်း နေထိုင်သူများအားလုံး နိုင်ငံသား မှတ်ပုံတင်ကတ်များ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားသောက်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ စားသောက်ရေးဖူလုံမှုကို ဆောင်ရွက်၍ ၎င်းမှတစ်ဆင့် အရည်အသွေးကောင်းမွန်သော စားသောက်ကုန် ထုတ်လုပ်နိုင်သည့် အဆင့်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်သည့် စားသောက်ကုန်များအားလုံး အရည်အသွေးကောင်းမွန်စွာဖြင့် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဝယ်ယူစားသုံးမှုကို လျှော့ချနိုင်ကြောင်း၊ စားသောက်ကုန်သီးနှံများအား ရာသီချိန်အလိုက် ထုတ်လုပ်၍ အထွက်နှုန်းများကောင်းမွန်ပြီး ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်ရေး လူတစ်ဦးချင်း အခြေခံလိုအပ်ချက်ကို တွက်ချက်ကာ တိုင်းဒေသကြီး တစ်ခုလုံးဖူလုံအောင် စီမံဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အခြားနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို နမူနာယူ၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း နေထိုင်စားသောက်ရေးအတွက် မိရိုးဖလာသမားရိုးကျဖြင့် ကျေနပ်နေ၍ မရဘဲ နည်းပညာအထောက်အကူရယူ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝပြည့်စုံကာ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစား၍ ရန်ကုန်တိုင်းဒေသကြီး တိုးတက်ရေး အလေးထား စီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်သူလူထု၏ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းမလိုက်နာသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်၍ သီးနှံများအထွက်တိုးရေး ဆောင်ရွက်နေမှုအခြေအနေနှင့် အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် မြို့တော်ဝန် ဦးဗိုလ်ဌေးက ရန်ကုန်မြို့တော်အတွင်း ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများအပြင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးနှင့် အမှိုက်သိမ်းမှု၊ သယ်ယူပို့ဆောင်မှု၊ စွန့်ပစ်မှုများ စနစ်ကျနမှုရှိစေရေး လုပ်ဆောင်လျက်ရှိသည့်အခြေအနေ၊ ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းပိတ်ဆို့မှုများကို အဓိကဖြစ်ပေါ်စေသည့် စည်းကမ်းမဲ့ ဈေးရောင်းချမှုများ မရှိစေရေး၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မြို့တော်ရေပေးဝေမှု သန့်ရှင်းမှုရှိစေရေးနှင့်ပတ်သက်၍ အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေပေးဝေမှုတွင် ရေသန့်စင်သည့်စနစ်များကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူလူထု၏ သက်သာချောင်ချိရေး၊ စားရေးတွင် အဆင်ပြေချောမွေ့မှုရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်နေသည့် အခြေအနေ၊ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လျှော့နည်းပပျောက်ရေး၊ မှုခင်းဖြစ်စဉ်များ လျှော့နည်းကျဆင်းရေး၊ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အသက်အရွယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရန် လိုအပ်သူများအား မှတ်ပုံတင်ကတ်ပြားများ သတ်မှတ်ကာလအတွင်း ရရှိနိုင်ရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

*စာမျက်နှာ ၄ သို့*

**"ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူများအားလုံးသည် နေထိုင်သွားလာမှု အဆင်ပြေသည့်အတွက် ရန်ကုန်မြို့အတွင်း နေထိုင်သူများအားလုံး နိုင်ငံသားမှတ်ပုံတင်ကတ်များ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားသောက်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်"**

# နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားများ မပြတ်တောက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် Waste Energy ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် အကောင်အထည်ဖော်ဆောင်ရွက်

*စာမျက်နှာ ၃ မှ*

### မြေပြဿနာများကို ဖြေရှင်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်သူ့ လုံခြုံရေး ဆောင်ရွက်ရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် ပြည်သူနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိရန်လိုကြောင်း၊ လုံခြုံရေးအား တိုက်ရိုက်တာဝန်ယူရသည့်လုံခြုံရေး တပ်ဖွဲ့ဝင်များ အနေဖြင့် ပေါ့ပေါ့ဆဆ ဆောင်ရွက်ခြင်းမရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး သတိဖြင့် တာဝန်ထမ်းဆောင်ရန် လိုကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်းလျော့ချမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့သည် လူနေမှုသိပ်သည်းသည့်နေရာ ဖြစ်သော်လည်း ပြည်သူ၏ ပူးပေါင်းပါဝင်မှုကြောင့် ကူးစက်မှုနှုန်းကျဆင်းလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်သည့်မြို့အဖြစ် ဆောင်ရွက်၍ စံနမူနာအဖြစ် ဆောင်ရွက်စေချင်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့်လည်း ရန်ကုန်မြို့အတွင်း ကာကွယ်ဆေးများ အပြည့်အဝထိုးနှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသုံးစွဲရာတွင်လည်း စနစ်တကျဖြင့် အလေအလွင့်မရှိအောင် ချွေတာသုံးစွဲ၍ အကျိုးရှိအောင် အသုံးချကြရန်လိုကြောင်း၊ မိမိတို့နှင့် အခြေခံသဘောသဘာဝတူညီပြီး အောင်မြင်ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ၏ လုပ်ဆောင်မှုကို အတုယူ၍ နိုင်ငံဖွံ့ဖြိုးရေးကို ဆောင် ရွက်ကြရန်လိုကြောင်း၊ မြို့ကွက်စီမံကိန်းများ ဆောင်ရွက်ရာတွင်လည်း ၄ ထပ်မှ ၅ ထပ်ခန့်ရှိ သင့်လျော်သော အထပ်မြင့်အဆောက်အအုံများ ဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်၊ လမ်း စသော အခြေခံအဆောက်အအုံများအတွက် ကုန်ကျစရိတ်သက်သာစွာ မြေပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မီးအန္တရာယ်နှင့် ရာဇဝတ်မှု အန္တရာယ်များ မရှိစေရေးအတွက်လည်း ဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ ပြစ်မှုကျူးလွန်မှုများ မဖြစ်ပေါ်စေရေးအတွက် သွားလာမှုလွယ်ကူရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည့် ရဲစခန်းများနှင့် မီးသတ်စခန်းများ တည်ဆောက်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း အားကစားကွင်းများနှင့် အားကစားရုံများကို နိုင်ငံတကာ အဆင့်မီတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်များတွင် လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် မြေဧရိယာ အနည်းငယ်ဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

> ❑ **အစိုးရသည် ပြည်သူများအတွက် One Stop Service ပင်ဖြစ်သဖြင့် ပြည်သူများနှင့်ပတ်သက်သည့် လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်**
>
> ❑ **လာမည့်ရွေးကောက်ပွဲတွင် ပြီးပြည့်စုံသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရန်လို**
>
> ❑ **ရန်ကုန်မြို့သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်သည့် နိုင်ငံ၏ အဓိက ဝင်ပေါက်နေရာဖြစ်သဖြင့် လူဝင်မှုဆိုင်ရာကိစ္စရပ်များအား စနစ်တကျဖြင့် ဆောင်ရွက်**

### ကျောသား ရင်သားမခွဲခြားဘဲ ဆောင်ရွက်

ကဏ္ဍစုံတွင် ပြည်သူများပါသည့် အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ထိခိုက်အောင် ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုသဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျောသား ရင်သားမခွဲခြားဘဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရသည် ပြည်သူများအတွက် One Stop Service ပင်ဖြစ်သဖြင့် ပြည်သူများနှင့်ပတ်သက်သည့် လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် ပြီးပြည့်စုံသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### တတ်နိုင်သမျှဖြည့်ဆည်းပေး

ရန်ကုန်မြို့သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်သည့် နိုင်ငံ၏ အဓိက ဝင်ပေါက်နေရာဖြစ်သဖြင့် လူဝင်မှုဆိုင်ရာကိစ္စရပ်များအား စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စစ်ဆေးမှုနှင့် မှတ်တမ်းတင်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နိုင်ငံတကာစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်၍ စည်းကမ်းဖောက်ဖျက်မှုများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် အစိုးရနှင့်ပြည်သူ ချိတ်ဆက်မှုယန္တရားများအားလုံးခိုင်မာတောင့်တင်းနေရန် လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများအတွက်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေရန်လိုပြီး ပြည်သူများတိုက်ရိုက်ပါဝင်သည့် ကျေးလက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးရန် လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးပြီး လူနေမှုဘဝများ မြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျေးလက်ကုန်ထုတ်လုပ်မှုသည် အဓိကအရေးကြီးသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားများ မပြတ်တောက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် Waste Energy ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိအစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုး မွေးမြူရေးနှင့် အခြားလူသုံးကုန် လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက မကွေးမြို့နယ်မြေခံတပ်ရှိ ရွှေသဂီအစာစပ်စက်ရုံနှင့် ငွေနှင်းမှိုစိုက်ပျိုးမှုများအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဂိတ်များတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်၊ ရန်လုံကျိုင်းတံတားမှ အမျိုးသား တစ်ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ- ထိုင်း ချစ်ကြည်ရေး တံတားမှ အမျိုးသား ၁၀၇ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၅၈ ဦးနှင့် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၂၇၉ ဦး၊ အမျိုးသမီး ၂၁၄ ဦး စုစုပေါင်း ၄၉၃ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေး ဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

**ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်**

နေပြည်တော် အောက်တိုဘာ ၁၀

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မိုး/ဇလ

## စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်

စာသင်ကျောင်းများ ပိတ်ထားရသည်မှာ ၂ လခန့်ရှိပြီ ဖြစ်ကြောင်း၊ စာသင်ကျောင်းများဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေး လမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ်သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍လည်း နှောင့်နှေးမှုများ မရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန် အတွက် ICU များ တည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများသပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ဟုမ္မလင်းမြို့နယ်မှ ပြည်သူ ၂၆၀၀ ကျော်အတွက် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

မုံရွာ အောက်တိုဘာ ၁၀

**စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မှ ပြည်သူများအတွက် ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ် ၂၆၂၂ ကတ်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အောက်တိုဘာ ၈ ရက်က ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ပေးအပ်သည်။**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟုမ္မလင်းမြို့တော်ခန်းမ၌ ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး မြို့နယ်နေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၂၆၂၂ ကတ်ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရန်လိုအပ်နေသည့် ထောက်ပံ့ငွေ ကျပ် ၁၄၀၁ သိန်းကျော်ကို တိုင်းရင်းသားကိုယ်စားလှယ်များထံသို့လည်းကောင်း၊ ကျန်းမာရေးကဏ္ဍအတွက် ထောက်ပံ့ငွေ၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးများ၊ Concentrator များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများကိုလည်းကောင်း၊ ဒေသခံတောင်သူများအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ခရိုင်နှင့် ဟုမ္မလင်းမြို့နယ်မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုအခြေအနေများ၊ မြို့ရွာ သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်စဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် သံတွဲမြို့များသို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နှင့် သံတွဲမြို့များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိလာကြောင်း သိရသည်။

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေး သိုလှောင်ခန်းတွင် ထားရှိသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး Sino-pharm များကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ် များဖြင့် Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် သံတွဲမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm အလုံးအရေအတွက် ၉၀၀၀၀ နှင့် စစ်တွေမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sino-pharm အလုံးအရေအတွက် ၂၇၂၀၀ တို့ကို တပ်မတော်လေယာဉ်ဖြင့် သယ်ယူရောက်ရှိလာရာ မြို့နယ်အလိုက် တာဝန်ရှိသူများက လက်ခံရရှိကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း အခြားမြို့နယ် အသီးသီးနှင့်ချင်းပြည်နယ် ပလက်ဝမြို့တို့သို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ ဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရမည်းသင်း၌ ချည်မျှင်ရှည်ဝါ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုး

**ရမည်းသင်း အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ယခုနှစ်တွင် ချည်မျှင်ရှည်ဝါကို အများအပြား စိုက်ပျိုးကြကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါကို မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးချည်မျှင်ရှည်ဝါနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါဟူ၍ သုံးကြိမ်ခွဲ၍ စိုက်ပျိုးကြပြီး မိုးကြိုချည်မျှင်ရှည်ဝါကို နွေရာသီတွင် မြို့နယ်အတွင်းရှိ ဆည်/ ကန်များမှ ရရှိသော စိုက်ပျိုးရေဖြင့် စိုက်ပျိုးကြသည်။ မိုးချည်မျှင်ရှည်ဝါနှင့် မိုးနှောင်း ချည်မျှင်ရှည်ဝါကို မိုးရာသီတွင် စိုက်ပျိုးကြသည်။ ရွှေတောင်(၁၀)၊ ရွှေတောင်(၈)၊ငွေချည်(၉) အစရှိသောချည်မျှင်ရှည်ဝါမျိုးတို့ကို စိုက်ပျိုးကြပြီး ရွှေတောင်(၁၀) ချည်မျှင်ရှည်ဝါမျိုးကို အစိုက်များကြကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဌာနဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ ကွင်းဆင်းကာ ချည်မျှင်ရှည်ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုနှစ်တွင် ရမည်းသင်းမြို့နယ်အတွင်း မိုးကြိုချည် မျှင်ရှည်ဝါ ၁၁၂ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၁၄၂၃ ဧက၊ မိုးနှောင်းချည်မျှင် ရှည်ဝါ ၂၉၉၉၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝမနစ်မွန်းစေရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မောင်မျိုးအောင် (ပန်းရော)

ကလေးသူငယ်ဟူသည် အနာဂတ်နိုင်ငံတော်၏ အားပင်ဖြစ်၏။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းတိုင်းပြည်၏ လူငယ်တို့အပေါ် တည်မှီ၏။ ထို့ကြောင့် ယနေ့ခေတ်လူငယ်များ၏ အခြေအနေကို လေ့လာ၍ နောင်အနာဂတ်နိုင်ငံတော်၏ အခြေအနေကိုသုံးသပ်နိုင်၏။ နိုင်ငံတကာတွင် လူငယ်များ၏ အသက်အရွယ်နှင့်ပတ်သက်၍ သဘောတူညီထားသော စံသတ်မှတ်ချက်ဟူ၍မရှိဘဲ နိုင်ငံအလိုက် သီးခြားစီ သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင်မူ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ၏ ၃ ပုံ ၁ ပုံခန့်သည် လူငယ်များပင်ဖြစ်၏။ ထို့ကြောင့် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် လူငယ်များအပေါ် မှီခိုသည်ဆိုသည်မှာ သဘာဝကျလှ၏။

**ပတ်ဝန်းကျင်က**
**ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိ**

ကလေးသူငယ်များသည် ရိုးသားပြီး ပင်ကိုယ်စိတ်မှာ ရှင်းရှင်းနှင့် ပွင့်လင်း၏။ မရိုးသားမှုအရိပ်အယောင်ဟူ၍ မြူမှုန်မျှ မယှက်သန်း၊ သူတစ်ပါးအပေါ် မကောင်းကြံစိတ်၊ ငြူစူစိတ်၊ အကုသိုလ်စိတ်များ လုံးဝကင်း၍ နှလုံးသားဖြူစင်လှ၏။ ယေဘုယျအားဖြင့် လူငယ်တိုင်းသည် ပင်ကိုယ်စရိုက်မှာ နုပျိုလန်းဆန်းခြင်း၊ သွက်လက်ထက်မြက်ခြင်း၊ အရာရာကို စူးစမ်းလိုခြင်း၊ အပေါင်းအဖော်ကို မင်ခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ ရဲရင့်သတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း စသည့် ကောင်းမြတ်သောအရည်အသွေးများရှိ၏။ ထို့ကြောင့် လူငယ်တို့သည် ဖယောင်းရုပ်ကဲ့သို့ ပြုပြင်ပုံသွင်းရန် အကောင်းဆုံးဖြစ်၏။ လမ်းကြောင်းမှန်ပေါ်ရောက်အောင် နည်းမှန်လမ်းမှန် တည့်မတ်ပေးခြင်းဖြင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားခြင်း၊ ယုံကြည်မှုမှန်ကန်ခိုင်မြဲခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ အကြားအမြင် ဗဟုသုတပြည့်စုံခြင်း၊ စွန့်လွှတ်စွန့်စားအနစ်နာခံခြင်း၊ အမြော်အမြင်ရှိခြင်း၊ မကောင်းမှုပြုရန် ရှက်ကြောက်ခြင်း စသော အရည်အသွေးကောင်းများ ပေါ်ထွက်လာနိုင်ပေသည်။ ထိုအချက်များ ပြည့်စုံစေရေးအတွက် မိဘ၊ ဆရာနှင့် ၎င်းတို့၏ အုပ်ထိန်းသူ၊ ၎င်းတို့၏ ပတ်ဝန်းကျင်က သင်ကြားပြသ၊ ပြုစုပျိုးထောင်ထောက်ပံ့ပေးရန် တာဝန်ရှိလှ၏။



❒ **နိုင်ငံရေးသမားများသည် ဆန္ဒပြကြရာ၌ ဥမမည်၊ စာမမြောက်သည့် ကလေးသူငယ်များ (မူလတန်းအရွယ်) အား ခေါ်လာခဲ့ကြပြီး ကလေးငယ်များအား ၎င်းတို့ခိုင်းသမျှ လိုက်လုပ်စေခဲ့သည်။ ဘာမျှမသိ နားမလည်သည့် ကလေးသူငယ်များအား နိုင်ငံရေးဇာတ်ခုံပေါ်သို့ အတင်းတွန်းပို့နေကြ၏။ ထိုမှတစ်ဆင့် အလယ်တန်းပညာသင် အသက်အရွယ်ငယ်သေးသည့်ကလေးများကို အကြမ်းဖက်မှုလုပ်ငန်းများစသည့် ရာဇဝတ်မှုကြီးလေးသော လုပ်ငန်းများတွင်လည်း ကျူးလွန်လာစေရေး သွေးထိုးလှုံ့ဆော်စေခိုင်း ပြုလုပ်လာကြသည်။**

လူငယ်များအနေဖြင့် ပြဿနာတစ်ရပ်ကို နည်းမှန်လမ်းမှန်ဖြေရှင်းနိုင်ရန်အတွက် ကြောင်းကျိုးတွက်ဆပြီး အသိပညာကို အသုံးချတတ်ရန် လိုအပ်ပေသည်။ အသိပညာရရှိရန်အတွက် အတန်းပညာဖြင့် စာပေတတ်မြောက်သင်ယူခြင်း၊ ၎င်းမှတစ်ဆင့် စာပေဖတ်ရှုခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့ကို ပြုရသည်။ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးသူငယ်များအား အခြေခံပညာဦးစီးဌာန၏စာရင်းများအရ ၁၉၉၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ကျောင်းနေသည့်ဦးရေသည် ၁၆ သန်းကျော်ရှိပြီး ၁၉၉၇ ခုနှစ်တွင် စတင်တက်ရောက်သည့်ကလေးများမှ ၂၂ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် စတင်တက်ရောက်သည့် ကလေးများမှ ၂၅ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်တွင် စတင်တက်ရောက်သည့် ကလေးများမှ ၂၆ ဒသမ ၅၃ ရာခိုင်နှုန်းတို့သာ နဝမတန်းသို့ ရောက်ရှိခဲ့ပြီး ထိုသို့ တက်ရောက်ခဲ့သည့်အထဲတွင် ၂၀၀၉ ခုနှစ်တွင် စတင်တက်ရောက်သည့် ကလေးများမှ ၄၂ ရာခိုင်နှုန်းဖြင့် နဝမတန်းသို့ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။ သို့သော်လည်း ၄၀ ရာခိုင်နှုန်းကျော်သာ အခြေခံပညာအထက်တန်းအဆင့်သို့ ရောက်ရှိခဲ့သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့်သည် အခြေခံပညာအလယ်တန်း အဆင့်ဖြင့် ပြီးဆုံးသွားသည့် သဘောပင်ဖြစ်သည်ကို တွေ့ရှိရသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုခြင်းတွင် ၁၉၉၇ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဒသမတန်းဖြေဆိုသည့် ကျောင်းသားများအနက် ၃၃ ဒသမ ၄၆ ရာခိုင်နှုန်းသာ အောင်မြင်ခဲ့ကြသည်ကို တွေ့ရပေသည်။ ၁၉၉၇ ခုနှစ်က ကလေးအရွယ်များသည် ယခုအချိန်တွင် လူငယ်လူရွယ်များဖြစ်နေမည်ဖြစ်သဖြင့် ၎င်းတို့၏ ပညာရေးအခြေအနေသည် မူလတန်းပညာနှင့် ထက်ဝက်ခန့်ရှိပြီး အလယ်တန်း ပညာပြီးမြောက်သူ ၂၀ ရာခိုင်နှုန်းခန့်နှင့် အထက်တန်းပညာပြီးမြောက်သူ ၃၀ ရာခိုင်နှုန်းကျော်သာ ရှိသည်ကို တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကြေညာသည့်အချိန်တွင် အသက် ၅ နှစ်နှင့်အထက် ၈ ဒသမ ၁ ရာခိုင်နှုန်း (၄ သန်းနီးပါး)ခန့် စာလုံးဝမတတ်သည်ကို တွေ့ရှိရသည့်အတွက် ပညာရေးနှင့်ပတ်သက်၍ လုံးဝမကောင်းသည့် အချက်တစ်ချက်ပင်ဖြစ်ပြီး နိုင်ငံတော်အတွက် စိုးရိမ်ဖွယ်ရာဖြစ်ပေသည်။

**မှန်ကန်သောအတွေးအခေါ်များ**
**သွတ်သွင်းပေးရန် အရေးကြီး**

အစိုးရတစ်ရပ်ဆိုသည်မှာ ၎င်းတာဝန်ယူထားသော သက်တမ်းကိုသာ တာဝန်ခံရသည်မဟုတ်၊ အနာဂတ်အစိုးရနှင့် လူငယ်မျိုးဆက်သစ်များအတွက်ပါ တာဝန်ရှိ၏။ ထိုသို့ လူငယ်များ၏ ပညာတတ်မြောက်မှု အားနည်းလာသည်နှင့်အမျှ အတွေးအခေါ်ပိုင်းများ ချို့တဲ့လာကာ တိုင်းပြည်အတွင်း အမှုအခင်းများခြင်း၊ ဆင်းရဲမှုများပြားလာခြင်းတို့သည် တွဲဆက်ပါလာရသည်။ ထိုသို့ချို့တဲ့မှုအပေါ် နိုင်ငံရေးသမားတို့၏ ဟောပြောမှုကြောင့် ၎င်းတို့စိတ်များသည် ယိမ်းယိုင်သွားကြခြင်းများ ပေါ်ပေါက်လာခဲ့၏။ စင်စစ် လူငယ်တို့၏ နုနယ်သော နှလုံးသားများအား နိုင်ငံရေးသမားများက အရောင်ဆိုးကြ၏။ နိုင်ငံရေးသမားတို့၏ ဆိုးသော အရောင်ကိုလိုက်၍ ပြောင်းလဲမည့် ရေနှင့်သဏ္ဍာန်တူ၏။ ထို့ကြောင့် လူငယ်တို့၏ သန့်ရှင်းမှုရှိသည့် နှလုံးသားအား မညစ်နွမ်းစေသင့်ပေ။ လူငယ်တို့၏ အသိစိတ်သို့ မှန်ကန်သောအတွေးအခေါ်များကိုသာ သွတ်သွင်းပေးရန် အရေးကြီးလှပေသည်။

**ရင်နင့်ဖွယ်ရာ တွေ့ရှိလိုက်ရ**

ယနေ့မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မျှော်လင့်မထားသော နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြီး သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသဘောထားကွဲလွဲမှုများက တစ်ဆင့် NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က တိုင်းဖျက်ပြည်ဖျက်နှင့် ပြည်သူလူထုတို့၏ နေ့စဉ် လူနေမှု ဘဝပျက်စီးအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေလျက်ရှိပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံရေးသမားများသည် ဆန္ဒပြကြရာ၌ ဥမမည်၊ စာမမြောက်သည့် ကလေးသူငယ်များ (မူလတန်းအရွယ်) အား ခေါ်လာခဲ့ကြပြီး ကလေးငယ်များအား ၎င်းတို့ခိုင်းသမျှ လိုက်လုပ်စေခဲ့သည်။ ဘာမျှမသိ နားမလည်သည့် ကလေးသူငယ်များအား နိုင်ငံရေးဇာတ်ခုံပေါ်သို့ အတင်း တွန်းပို့နေကြ၏။ ထိုမှတစ်ဆင့် အလယ်တန်းပညာသင် အသက်အရွယ်ငယ်သေးသည့်ကလေးများကို အကြမ်းဖက်မှုလုပ်ငန်းများ စသည့်ရာဇဝတ်မှုကြီးလေးသော လုပ်ငန်းများတွင်လည်း ကျူးလွန်လာစေရေး သွေးထိုးလှုံ့ဆော်စေခိုင်းပြုလုပ်လာကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် အသက် ၁၄ နှစ်အရွယ် သတ္တမတန်းကျောင်းသူ မကြယ်စင်နှင်းဝေ၏ Video ဖိုင်ကို ကြည့်လိုက်ရခြင်းဖြင့် နိုင်ငံရေးကိုယ့်လိုဘပြည့်စေရေး အတ္တစိတ်တစ်ခုအတွက် ကလေးသူငယ်များ လမ်းမှားရောက်အောင်တွန်းပို့မှုကို ရင်နင့်ဖွယ်ရာ တွေ့ရှိလိုက်ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အနာဂတ်လူငယ်လေးများ၏ ပညာသင်ကြားရေး၊ ပညာတတ်မြောက်မှုအခွင့်အလမ်းများ ရရှိစေရေးအတွက် အခက်အခဲများကြားမှ ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများ၏

*စာမျက်နှာ ၇ သို့*

# တိုင်းဒေသကြီးများရှိ ဆေးရုံကြီးများ၌ အောက်ဆီဂျင်စက် တပ်ဆင်နေမှုအခြေအနေများ ကြည့်ရှု



နေပြည်တော် အောက်တိုဘာ ၁၀

ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ ပုသိမ်စက်မှုဇုန်ရှိ Ayeyarwady Development Public Group မှ လှူဒါန်းသော အောက်ဆီဂျင်ထုတ်လုပ်သည့်စက် ရောက်ရှိတပ်ဆင်နေမှုကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ စတင်လည်ပတ်နေသည့် Oxygen Plant စက်ရုံကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

*စာမျက်နှာ ၆ မှ*

လုံခြုံရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပြီး အခြေခံပညာကျောင်းများ ဖွင့်လှစ်ပညာသင်ကြားနိုင်ပြီး စီမံဆောင်ရွက်ပေးခဲ့၏။ ၎င်းအပေါ် NLD ပါတီလက်ဝေခံ CRPH၊ NUG၊ PDF၊ GZ စသည့် အကြမ်းဖက်အဖွဲ့များမှ မိမိတို့၏ ကိုယ်ကျိုးရှာနိုင်ငံရေးအတွက် အောက်လမ်းနည်းဖြင့် ခြိမ်းခြောက်မှုများပြုလုပ်ကာ အနာဂတ်လူငယ်များ၏ ပညာသင်ကြားရေးကို အနှောင့်အယှက်ပြုလျက်ရှိသည်ကို တွေ့ရှိရပေသည်။ ထို့အပြင် လူငယ်လူရွယ်များကို သွေးထိုးလှုံ့ဆော်ကာ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်စေရန်အတွက် လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးလှုံ့ဆော်နေကြောင်းကိုလည်း မြင်တွေ့ရ၏။ ထိုသို့ ကလေးသူငယ်များကို လက်နက်ကိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေခြင်း၊ ဖောက်ခွဲဖျက်ဆီးစေခြင်း၊ ၎င်းတို့နှင့်အမြင်မတူသူများကိုပစ်မှတ်ထားကာ တိုက်ခိုက်စေခြင်းတို့သည် အနာဂတ်ကလေးသူငယ်များကို အကြမ်းဖက်သမားများအဖြစ်သို့ရောက်ရှိစေရေး တွန်းပို့နေခြင်းပင်ဖြစ်၏။ ၎င်းတို့သည် ကလေးသူငယ်များ၏ အခွင့်အရေးများကို ရိုက်ချိုးနေခြင်းသာဖြစ်ပြီး အနာဂတ်သာယာလှပရေးကိုပါ ဖျက်ဆီးနေခြင်းဖြစ်ပေသည်။ ထိုသို့ ကလေးသူငယ်များ၏ အခွင့်အရေးများကို တားဆီးပိတ်ပင်ဟန့်တားနေပြီး ကလေးသူငယ်များ၏ အနာဂတ်သာယာလှပရေးကို ဖျက်ဆီးနေသူများအား မူလကျူးလွန်သည့် ပြစ်မှုများအပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရပါ တရားစွဲဆို၍ ထိထိရောက်ရောက် ဟန့်တားစေသည့် ပြစ်ဒဏ်များ ချမှတ်သင့်၏။ ကလေးသူငယ်များ၏ အတွေ့အကြုံနည်းပါးခြင်းနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုနည်းပါးခြင်းတို့ကို အခွင့်ကောင်းယူပြီး နိုင်ငံရေးအမြတ်ထုတ်လိုသူများကိုလည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သင့်ပေသည်။

> ❒ **လူငယ်လူရွယ်များကို သွေးထိုးလှုံ့ဆော်ကာ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်စေရန်အတွက် လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးလှုံ့ဆော်နေကြောင်းကိုလည်း မြင်တွေ့ရ၏။ ထိုသို့ ကလေးသူငယ်များကို လက်နက်ကိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေခြင်း၊ ဖောက်ခွဲဖျက်ဆီးစေခြင်း၊ ၎င်းတို့နှင့် အမြင်မတူသူများကို ပစ်မှတ်ထားကာ တိုက်ခိုက်စေခြင်းတို့သည် အနာဂတ်ကလေးသူငယ်များကို အကြမ်းဖက်သမားများအဖြစ်သို့ရောက်ရှိစေရေး တွန်းပို့နေခြင်းပင်ဖြစ်၏။ ၎င်းတို့သည် ကလေးသူငယ်များ၏ အခွင့်အရေးများကို ရိုက်ချိုးနေခြင်းသာဖြစ်ပြီး အနာဂတ်သာယာလှပရေးကိုပါ ဖျက်ဆီးနေခြင်း ဖြစ်ပေသည်**

**အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ အသက်မပြည့်သေးသော လူငယ်များအား ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု**



ဟိန်းထက်အောင်
(ခ) ဈာန်ရဲ (၁၉)နှစ်
အဖွဲ့ခေါင်းဆောင်



အောင်အောင်ဦး(၂၁)နှစ်
(F-1)



အောင်ကိုဦး(၁၆)နှစ်
(F-2)



ငြိမ်းချမ်းဖြိုး(၂၁)နှစ်
(F-3)



သန့်ဇင်(၁၆)နှစ်
(F-4)



အောင်ကိုထွေး(၁၉)နှစ်
(F-7)



ဝေယံဖြိုး(၁၇)နှစ်
(F-8)



ကြယ်စင်နှင်းဝေ(၁၄)နှစ်
(F-9)



ခန့်သူရိန်(၁၆)နှစ်
(F-11)

**စီမံကိန်းများ ချမှတ်ဆောင်ရွက်**

ဆရာအောင်သင်း၏ "ဘဝဆိုတာ အချိန်တွေနှင့်ဖွဲ့စည်းထားတာ၊ အချိန်ကို တန်ဖိုးရှိအောင်အသုံးချမှ တန်ဖိုးရှိတဲ့ဘဝဖြစ်လာနိုင်တယ်"ဆိုသည့် စာစကားအရ ယနေ့လူငယ်များ၏ တန်ဖိုးရှိသော အချိန်၊ တန်ဖိုးရှိသောဘဝကို နိုင်ငံရေးသမားတို့က ဖျက်ဆီးခဲ့ကြ၏။ တိုင်းပြည်၏အနာဂတ်အတွက် ကြီးမားသော အန္တရာယ်ပင်ဖြစ်၏။ လမ်းမှန်ရောက်အောင် မိဘ၊ ဆရာသမား၊ မိတ်ကောင်း၊ ဆွေကောင်းတို့ ကူညီလမ်းညွှန်သွန်သင်မှုနှင့်ပင် ရှေ့ဆက်သွားရပေမည်။ အသက်အရွယ်ငယ်ရွယ်ပြီး ယိမ်းယိုင်တတ်သည့် လူငယ်များ လမ်းကြောင်းမှန်ရောက်ရန် ထိန်းကျောင်းပေးရပေမည်။ ရုပ်ဝတ္ထု မြှူဆွယ်မှုနှင့် မှားယွင်းသော အတွေးအခေါ်တို့ကြောင့် လူငယ်များ၏ မူလရှိပြီးသော ဖြူစင်ရိုးဖြောင့်သည့် ဗီဇများသည် မပျောက်ပျက်စေသင့်ပေ။ မှန်ကန်သော အတွေးအခေါ်ရင့်သန်စေပြီး အကျိုးရှိအောင်အသုံးချတတ်ရန် လိုအပ်မည်ဖြစ်၏။ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိနေသည်။

"စာသင်ခန်းအစ လူငယ်တို့၏ဘဝ" ဟူသော စကားအတိုင်း ကျောင်းသားလူငယ် ပထမအရွယ်ကပင်စ၍ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါး ကောင်းမွန်ရေးဖြစ်သည့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ပတ်ဝန်းကျင်က လေ့ကျင့်ပေး၍ ကိုယ်တိုင်ကျင့်ကြံနေရပေမည်။ ကိုယ်ကျင့်တရားများ ကောင်းမွန်လာမှသာ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ လက်ဝယ်ခိုင်ခိုင် ကိုင်ဆောင်နိုင်ပြီး မည်သို့သော အသုံးချခံမှုမျိုးမှ ကင်းဝေးမည်ဖြစ်၏။

အချုပ်အားဖြင့်ဆိုရသော် လိမ်လည်လှည့်စားသူ၊ လှည့်ဖြားသူတို့က မိမိလိုချင်ရာအတွက် ရနိုင်သမျှနည်းလမ်းဖြင့် အတ္တကိုယ်ကျိုးအတွက် လုပ်ကြမည်သာဖြစ်၏။ ယနေ့ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုလုပ်ငန်းများတွင် လူငယ်များ ပါဝင်ပတ်သက်မှုမရှိစေရေး နေ့စဉ်လူမှုဘဝများတွင် လောဘနှင့်ဆန္ဒကို သတိ၊ ပညာတို့ဖြင့် ချွန်းအုပ်ကာ နိုင်ငံရေးသမားများ၏ အသုံးချမှုအန္တရာယ်က ရှောင်ရှားကာကွယ်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါ၏။ သို့မှသာ တိုင်းပြည်၏ အနာဂတ်သည်လည်း အလှပန်းဝေစုံစွာဖြင့် သာယာတင့်တယ်နေပေလိမ့်မည်ဖြစ်တော့၏။

# သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ပြည်သူများ သတင်းအချက်အလက်မှန်ကန်စွာရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲနှင့် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်များကို သွားရောက်စစ်ဆေး၍ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ သတင်းအချက်အလက် မှန်ကန်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယနေ့အချိန်အခါတွင် နိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မသမာသူ အဖျက်သမားအချို့က နည်းလမ်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဟန့်တား ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ အထူးသဖြင့် သတင်းမီဒီယာအချို့က မီဒီယာပလက်ဖောင်းအမျိုးမျိုးကို အသုံးပြု၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်လုပ်ငန်းများ၊ ထုတ်ဝေခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအတိုင်း ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထိုနည်းတူ သတင်းမီဒီယာလုပ်ငန်းများကိုလည်း သတင်းမီဒီယာ ဥပဒေနှင့်အညီ ကူညီဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်ကလည်း ကျင့်ဝတ်သိက္ခာ စောင့်ထိန်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ အပေါ် အပြုသဘော ရှုမြင်ရေးသား ထုတ်လွှင့်မှုများကို ကြိုဆိုရမည် ဖြစ်သော်လည်း အဖျက်သဘော သက်သက်ဖြင့် သတင်းမှားများ၊ သတင်းအတုများကို တမင်ဖန်တီး ထုတ်လွှင့်မှုများကို သက်ဆိုင်ရာ ဥပဒေနှင့် အညီ ဖော်ထုတ် တားဆီးကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတင်းတု၊ သတင်းမှားများ မဖြစ်ပေါ်စေရေးအတွက် ဖော်ထုတ် တားဆီးပေးကြပါရန်နှင့် ပြည်သူများ သတင်းအချက်အလက် မှန်ကန်စွာရရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၏ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ စာအုပ်စာပေ ဖတ်ရှုသည့် အလေ့အထများ ဖြစ်ပေါ်လာရေးနှင့် မှန်ကန်သည့် သတင်း အချက်အလက်များကို စာကြည့်တိုက်များမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ စာကြည့်တိုက် တိုင်းတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် စာနယ်ဇင်းများကို ပြည်သူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စုံလင်အောင် ထားရှိပေးရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များတွင် ကျောင်းသားလူငယ်များ ဖတ်ရှုလေ့လာလိုသည့် စာအုပ်စာစောင်များကို ထားရှိပေးကြစေလိုကြောင်း၊ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသည့် စာအုပ်စာစောင်များ၊ လူငယ်များ စိတ်ဓာတ်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် စာအုပ်စာစောင်များကို ဦးစားပေး ထားရှိပေးစေလိုကြောင်း၊ စာကြည့်တိုက် ဝန်ဆောင်မှု လုပ်ငန်းများကို ခေတ်နှင့်အညီ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် Digital Library Service ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် အောက်တိုဘာ ၁၀**

မကွေးတိုင်း ဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံ တပ်နယ်ခန်းမ၌ ပြုလုပ်ရာ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။(ဓာတ်ပုံ)

ယင်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖော်ထုတ်ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်၌ ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၅၈ဦးအား စနစ်တကျ ကြိုဆိုလက်ခံ

**တာချီလိတ် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ- ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် ထိုင်းနိုင်ငံမှ လွှဲပြောင်းလာသည့် နေရပ်ပြန် မြန်မာနိုင်ငံသား ၁၅၈ ဦးအား ယနေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသား ၁၅၈ ဦးမှာ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး ပြန်လည် လွတ်မြောက်လာသူ ၁၁၁ ဦးနှင့် ရွှေ့ပြောင်းမြန်မာ အလုပ်သမား ၄၇ ဦးတို့ဖြစ်ကြပြီး ၎င်းတို့အား စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း၊ ပြည်ပရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့်အဖွဲ့ဝင်များက စနစ်တကျ ကြိုဆိုလက်ခံခဲ့ကြသည်။

၎င်းနေရပ်ပြန် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ RDT Test Kit စနစ်ဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရောဂါပိုးတွေ့ရှိသူ ၃၆ ဦး ရှိသဖြင့် ၎င်းတို့ကို



ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ကုသရေးစင်တာများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ကျန်ရှိသည့်နေရပ်ပြန် ပြည်သူများကို ဝမ်လုံး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ ပို့ဆောင်ပေးကာ တတိယမြောက်နေ့တွင် ဒုတိယအကြိမ်ထပ်မံ စစ်ဆေးပြီး ပိုးကင်းစင်သူများကို သက်ဆိုင်ရာ နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ယာဆေး**

**(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၂၅ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်) တွင် ၁ ဒသမ ၈၉ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၅၅ လက်မ၊ သာစည်မြို့တွင် ၁ ဒသမ ၄၈ လက်မနှင့် နေပြည်တော် (ပျဉ်းမနား) တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြ သည်။

**မိုး/ဇလ**

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ PSO နဲ့ ကားသမားတစ်ယောက် CDM လုပ်သွားသည်ဟူ၍ မဟုတ်မမှန်သတင်း ထုတ်လွှင့်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း ရှင်းလင်းပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက မိမိတို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ PSO နဲ့ ကားသမားတစ်ယောက် CDM လုပ်သွားသည်ဆိုပြီး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ထုတ်လွှင့်နေတာရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မီဒီယာများကလည်း ဝိုင်းဝန်းမေးမြန်းလာသည့်အတွက် ပြောကြားရခြင်းဖြစ်ကြောင်း၊ ၎င်းသတင်းသည် မမှန်ကန်ပါကြောင်း၊ မိမိတို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ PSO နဲ့ ကားသမားတို့က သူ့တာဝန်နဲ့သူ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ထိုနေရာမှာ လွန်ခဲ့သည့်တစ်လလောက်က ဆက်သွယ်ရေးတပ်ဖွဲ့မှ စစ်သည်တစ်ယောက် ခွင့်မဲ့ပျက်ကွက်ဖြစ်သွားသည့် ဖြစ်စဉ်လည်းရှိကြောင်း ဖြေကြားသည်။

သတင်းစဉ်




# နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ မိုးစပါးတင်းတစ်ရာထွက်ရှိရေး ကေတစ်ရာ စံပြကွက်များ ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၀

**စားသုံးမှုဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသော စားနပ်ရိက္ခာများ ဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးထုတ်လုပ်သူ ပြုပြင်ထုပ်ပိုးသိုလှောင်ရောင်းချသူများအားလုံး ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း အောက်တိုဘာ ၉ ရက်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ကုန်းကျေးရွာ မိုးစပါးတင်းတစ်ရာထွက်ရှိရေး နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကေတစ်ရာ စံပြကွက်သို့ရောက်ရှိကြပြီး စိုက်ကွင်း



အတွင်း စိုက်ပျိုးထားသည့် မနောသုခစပါးမျိုးများ၏ ကောက်ကွက်၊ ပျမ်းမျှအပင်ပွား အခြေအနေများကိုလည်းကောင်း၊ မြေဆွေးသဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနေမှုနှင့် မနောသုခစပါးစိုက်ခင်းများအတွင်း သဘာဝမြေသြဇာ စုပေါင်းကြဲပက်ခြင်းတို့ကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှစည်ပင်သာယာရွာအနီး International Gateways Group of Co.,Ltd မှ တာဝန်ယူလည်ပတ်နေသော မြို့လှသကြားစက်သို့ ရောက်ရှိကြပြီး ၂၀၂၁-၂၀၂၂ ကြံရာသီ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် တောင်သူများနှင့် လုပ်ငန်းရှင်များအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်တိုင်းကျေးရွာရှိ Delicious Food Limited မှ တာဝန်ယူလည်ပတ်နေသည့် တစ်ရက်ကြံတန်ချိန် ၁၅၀၀ ကျ ရေတာရှည် သကြားစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံတာဝန်ခံက ကြံဝယ်ယူရရှိမှု၊ ကြိတ်ဝါးမှု၊ သကြားထုတ်လုပ်မှု၊ တင်လဲရည်ထုတ်လုပ်မှုနှင့် ကြံရာသီသကြားစက်ရုံ လည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဆက်စပ်ဌာနများ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု တောင်နံ့ချွန်ကျေးရွာရှိ ဦးထွန်းထွန်းဝင်း၏ ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များသို့ ဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အကြံပြုဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ကိုဗစ်စင်တာများ၌ စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၀နှင့် အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၁၆ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ခေတ္တခွဲ အတည်ပြု ပိုးတွေ့လူနာ အမျိုးသား ကိုးဦးနှင့် အမျိုးသမီးလေးဦး စုစုပေါင်း ၁၃ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ္တခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၀ရက်က နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ နှစ်ခုတို့မှ Disposable Face Mask ၇၅၀၀ Kg ၊ Liquid Oxygen ၁၅၃၂၃ $m^3$ တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ထန်းတပင်မြို့နယ်၌ ကျောင်းသားကျောင်းသူ ၈၃၂၉ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်

**ထန်းတပင် အောက်တိုဘာ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း လေးကျောင်းတို့မှ အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူ ၈၃၂၉ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ထန်းတပင်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်း၊ အ.ထ.က(ခွဲ) ၁၁ကျောင်း၊ အ.လ.က ခြောက်ကျောင်း၊ အ.လ.က(ခွဲ) ရှစ်ကျောင်းနှင့် မူလွန် ၁၅ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၄၈ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း လေးကျောင်းတို့မှ အသက်(၁၂)နှစ်အထက်ကျောင်းသားကျောင်းသူ ၈၃၂၉ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ရာ ကာကွယ်ဆေးရရှိချိန်တွင် ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံရေးအဖွဲ့ ကိုးဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်သလို စုရပ် ၂၈ နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ဝန်ထမ်းကောင်းလေ တိုင်းပြည်ကောင်းလေ

ကျော်ထွန်း

**ဖတ်လိုက်မိတဲ့ စာတစ်မျက်နှာကို ပြန်လည်ဖော်ပြပါရစေ။ "ဘဝဆိုတာ ခရီးစဉ်တစ်ခုပါ။ ခရီးဆက်ကြရမှာ သတိရပါ။ အိုးအိမ်တစ်လုံးမဟုတ်ပါဘူး။ ဘဝဟာ လမ်းမကြီး တစ်ခုပါ။ မှီတင်းနေထိုင်စရာ မြို့တော်ကြီးတစ်မြို့ မဟုတ်ပါ။ ဆက်လက်ချီတက်နေရဦးမှာနော်။**

ဒါ့အပြင် ကိုယ်တို့ရရှိထားတဲ့ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ဖွယ်ရာများနဲ့ ဂုဏ်ပြုချီးကျူးထောမနာပြုမှုတွေက ကိုယ်တို့ဘဝနိဂုံးချုပ် အဆုံးသတ်တဲ့အချိန်အထိ အင်သစ်အားသစ်နဲ့အတူ တက်သုတ်ရိုက် ရှေ့သို့ရွေ့လျားအောင် တွန်းပို့ပေးမယ့်အရာတွေပဲ။ ဘာနဲ့တူသလဲဆိုတော့ အဝေးပြေး အမြန်လမ်းမကြီးဘေးက တည်းခိုခန်းငယ်၊ စားသောက်နားနေဖွယ်ရာလေးတွေမျိုးပေါ့။

အဲဒီဘဝကို လူတစ်ယောက်က မရေမရာ အချည်းနှီးအချိန်ကို ဖြုန်းတီးပစ်လိုက်ဖို့ မဟုတ်ပါဘူး။ ဘဝဆိုတာ တဒင်္ဂအချိန်တိုတိုလေးပါ။

မကောင်းမှုဒုစရိုက်တွေကလည်း အနီးနားမှာတင် ရှိနေကြပါတယ်။ အချိန်နာရီတွေကို ဝင့်ဝါပလွှားမြူးတူးပျော်ပါး ဆော့ကစားပစ်လောက်အောင်တော့ မရူးမိုက်သင့်ဘူး။

ကမ္ဘာလောကကြီးတစ်ခုထဲမှာ အားလုံးက ကိုယ်တို့လိုပဲ အလေးအနက်ထား စိတ်အားထက်သန်ပြီး ဖွဲ့ကောင်းနေရမှာဖြစ်ပါတယ်။

**ဟိုရာကပ်(စ်)ဘန်နာ (၁၈၀၈– ၁၈၈၉)** စကော့တလန်နိုင်ငံသား ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး ရေးထားတဲ့စာအုပ်ကိုဖတ်ရင်း သူရေးထားတာ နှစ်ပေါင်းတစ်ရာကျော် ကြာခဲ့ပါသော်လည်း သူ့ရဲ့အားပေးသံဟာ စာရေးသူရဲ့ ခေါင်းထဲကို ကြေးစည်သံတစ်ခုလို ကြည်ကြည်လင်လင် ပြတ်သားစွာ ကြားလိုက်ရသလိုပါပဲ။

**အတွေးပေါ်ရာ ရေးမိတာ အောက်ပါအချက်များ**

ကျွန်တော်တို့ပြည်သူတွေရဲ့ အများစုလိုလားချက်အရ တစ်ပါတီစနစ်ကို ဖျက်သိမ်းပြီး ပါတီစုံစနစ်ရေးဆွဲပေးရန် အုန်းအုန်းကျွက်ကျွက်နဲ့ ၁၉၈၈ ခုနှစ် ဩဂုတ်လမှာ တောင်းဆိုခဲ့ကြတာကို တပ်မတော်က အကောင်အထည်ဖော်နိုင်အောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ တပ်မတော်က ပြည်သူလူထုရဲ့ ဆန္ဒနဲ့အမျိုးသားအကျိုးစီးပွားကိုပဲ အဓိကထားတာလေ။

**ဒီမိုကရေစီ။** တစ်ပါတီစနစ်ကို ပြည်သူ့ဆန္ဒနဲ့အညီ ဖျက်သိမ်းပေးတယ်။ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်လာအောင် နိုင်ငံရေးပါတီစုံ ပါဝင်တဲ့အပြင် အလွှာပေါင်းစုံကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်တွေနဲ့ တတ်သိပညာရှင်တွေပါဝင်စေပြီး အမျိုးသားညီလာခံ အချိန်ယူကျင်းပခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြုစုခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ ပြည်သူလူထုဆန္ဒထောက်ခံမဲ ပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲ (Referendun)နဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတကာ သိကြပါတယ်။

အခြေခံဥပဒေအရ တပ်မတော်က တာဝန်ယူကာကွယ်ခဲ့လို့သာ ပြည်ထောင်စုမပြိုကွဲဘဲ အချုပ်အခြာ ပြည်ထောင်စုသမ္မတနိုင်ငံအနေနဲ့ ဆက်လက်ရပ်တည်နေနိုင်တာဖြစ်တယ်။ အကျယ်အားလုံး သိပြီးသားမို့ မပြောတော့ပါ။ လူတစ်စုတစ်ဖွဲ့ ကောင်းစားရေးအတွက် ဥပဒေမဲ့စည်းလွတ် ဝါးလွတ်လုပ်လာရင်တော့ တားရမယ့်တာဝန်ရှိတယ်။ အကြိမ်ကြိမ်သတိပေးပါတယ်။ ဟန့်တားခဲ့ပါတယ်။ သို့သော် တစ်ပါတီအာဏာရှင်စနစ်ဖြစ်ပေါ်လာရေးကို မသမာတဲ့နည်း၊ မတရားတဲ့နည်း၊ ဖဲခိုးရိုက်သလိုနည်းမျိုးစုံနဲ့ မဲခိုးတဲ့အဓမ္မနည်းတွေနဲ့ ဥပဒေကို ကျူးလွန်ချိုးဖောက်မှုတွေရှိလာခဲ့လို့ ဥပဒေနှင့်အညီ ပါတီစုံစနစ်၊ စနစ်တကျပြန်ဖြစ်အောင် ကျွန်တော်တို့အားလုံး ပါဝင်လုပ်ဆောင်နေကြရတယ်။

တပ်မတော်ဆိုတာ နိုင်ငံရေးပါတီ မဟုတ်ဘူး။ အမျိုးသားရေးကို၊ အမိနိုင်ငံတော်ကို အပြည့်အဝ သစ္စာခံတဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ပါပဲ။ ခင်ဗျားတို့ ကျွန်တော်တို့လို ဘယ်ပါတီနိုင်ငံရေးမှ မပါဝင်ဘဲ (ချစ်ခြင်း မုန်းခြင်း၊ ဘက်လိုက် မျက်နှာလိုက်ခြင်းမရှိဘဲ) ပါတီနိုင်ငံရေး ကင်းကင်းရှင်းရှင်းရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေပါပဲ။ လက်ရှိအစိုးရက ကျွန်တော်တို့အစိုးရ။

ဘယ်ပါတီ၊ ဘယ်အဖွဲ့ပြောင်းပြောင်း ဆရာတို့၊ ဆရာမတို့ ကျွန်တော်တို့က တက်လာတဲ့ အစိုးရနဲ့ လက်တွဲလုပ်ဆောင်သွားကြရမယ့် ဝန်ထမ်းတွေပါပဲ။ ဖေဖော်ဝါရီလကစပြီး ပါတီနိုင်ငံရေးလုပ်တဲ့လူတွေ ဆန္ဒပြသပိတ်မှောက် ဆန့်ကျင်ပြီး အလုပ်ခွင်က ထွက်သွားခဲ့ကြပြီ။ လေထဲကပါတီ။

ယခင်ဝန်ထမ်းတွေထဲမှာ အနည်းနဲ့အများ မတူညီကြတဲ့ အမျိုးအစားတွေရှိကြပါတယ်–

၁။ နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာရှိရှိနဲ့ တာဝန်ကျေပွန်စွာ အကောင်းဆုံး ကြိုးစားဆောင်ရွက်ကြသူများ လူတော်လူကောင်းတွေပါ။ စည်းကမ်းလည်း ကောင်း၊ စိတ်ဓာတ်လည်း ကောင်းကြတယ်။ **(၂၅%)**

၂။ တိုင်းပြည်အတွက်လည်း မစဉ်းစားမိပါဘူး။ ပါတီနိုင်ငံရေးတွေလည်း စိတ်မဝင်စားပါဘူး။ လခနဲ့ တန်အောင် ပေးတဲ့ တာဝန်ကျေပွန်အောင်လုပ်မယ်။ ဝန်ထမ်းအလုပ်ကို ကြိုက်ပါတယ်။ မတော်လှပေမယ့် လူကောင်းတွေပါ။ စည်းကမ်းရှိကြတယ်။ **(၄၀%)**

၃။ ဘယ်အစိုးရတက်တက် မကျေနပ်ဘူး။ ဒါပေမယ့် လခစားဘဝက မထွက်နိုင်ဘူး၊ ပေကပ်နေရင်း ဝတ်ကျေတမ်းကျေ ရေစုန်မျှောလိုက်နေရမှာပဲ။ လူညံ့တွေပါ။ လူဆိုးတော့လည်း မဟုတ်ကြပါဘူး။ နီးစပ်ရာ ဆွဲရာပါချင်ကြတယ်။ **(၂၅%)**

၄။ အရည်အချင်းတော်တာ ညံ့တာထက် စိတ်နေစိတ်ထားက ညံ့ဖျင်းတယ်။ အလုပ်ကို မရိုသေဘူး၊ တာဝန်ကို အလေးမထားဘူး။ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းကို မလိုက်နာချင်ဘူး။ ရသမျှခိုးမယ်၊ (ဘာမှခိုးစရာမရှိရင် အချိန်ကိုခိုးပြီး ရေသာခိုမယ်) ကတိသစ္စာ ဘာမှတန်ဖိုးမထားဘူး။ ဘနဖူးသိုက်တူးမယ်ဆိုတဲ့ လူညစ်လူကောက်တွေ။ အစိုးရ(CDM) ဆန့်ကျင်ရေး သပိတ်ဆန္ဒပြပွဲနဲ့ ဆူပူမှုတွေမှာ ပါသွားကြပြီ။ အလုပ်က ထွက်သွားခဲ့ကြပြီ။ **(၁၀ % ဝန်းကျင်ပေါ့)။**

ယခင် ဝန်ထမ်း ၁၀၀ ရှိခဲ့တဲ့ဌာနဟာ ယခု ၉၀ ပဲရှိတော့တယ်။ သူတို့မရှိတော့ရင် တိုင်းပြည်ပျက်မယ် ထင်ခဲ့ကြတယ်။ မပျက်တာတွေ့ရတော့ ပိုမကျေမနပ်ဖြစ်ပြီး လူသတ်၊ မီးရှို့၊ ဗုံးခွဲ၊ ဖျက်ဆီး၊ ဥပဒေမဲ့ အကြမ်းဖက်ကျူးလွန်တာတွေ ဆက်လုပ်ပြန်တယ်။ သူ့လမ်းသူ သွားပါစေတော့။ ဝန်ထမ်းလောကမှာ အရင်ကထက် လူပိုပြီး သန့်သွားခဲ့ပါပြီ။ လုပ်ဖော်ကိုင်ဖက်အချို့ ခွဲခွာထွက်ခွာသွားတာ စိတ်မကောင်းစရာဖြစ်ပေမယ့် သူ့ဆုံးဖြတ်ချက်နဲ့ ထွက်သွားကြတာ ရှိပါစေပေါ့။

လက်ရှိဝန်ထမ်းတွေကတော့ ပိုပြီး အလုပ်လုပ်ကြဖို့ လိုမှာပေါ့။ ပိုကြိုးစားရင် ဘာများထူးခြားမှာလဲ? ရာထူးနေရာတွေ ခန့်အပ်တာဝန်ပေးခံရပေလိမ့်မယ်။

**ဘယ်လိုအရည်အချင်းတွေနဲ့ စစ်ဆေးအကဲဖြတ်ပြီး ရွေးချယ်ရာထူးတိုးပေးမှာလဲ**

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့မှာ အတိအကျ ပြဋ္ဌာန်းထားပြီးသား ရှိနေပါတယ်။ လက်တွေ့ကျင့်သုံး လိုက်နာဆောင်ရွက်နေကြဆဲပါ။

**ရာထူးတိုးမြှင့်ရေးအကဲဖြတ်တဲ့ အချက် ၇ ချက်**

၁။ လုပ်ငန်းကျွမ်းကျင်မှုနဲ့ အထူးကြိုးစားထမ်းဆောင်ခြင်း၊

၂။ အထက်အရာရှိနဲ့ လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိခြင်း၊

၃။ စိတ်ဓာတ်ကောင်းမွန်ခြင်းနှင့် နိုင်ငံတော်နဲ့ ဌာနအကျိုးအတွက် စေတနာထားခြင်း၊

၄။ တီထွင်ကြံဆ လုပ်ကိုင်တတ်ခြင်း၊

၅။ ကျွမ်းကျင်မှုအရည်အချင်း ထူးကဲသာလွန်ခြင်း၊

၆။ ခေါင်းဆောင်မှုကောင်းခြင်း၊

၇။ အကျင့်စာရိတ္တကောင်းခြင်း၊

**(ကြိုးစား၊ သစ္စာ၊ စိတ်ဓာတ်ပါ၍ စေတနာကောင်း၊ ခေါင်းဆောင်ကောင်းပြင် ကျွမ်းကျင်သာလွန်၊ စာရိတ္တမွန်ပြီး ထူးချွန်ကြံဆ၊ တီထွင်ပြသော်၊ ရလိမ့် ရာထူးအဆင့်ဆင့်။)**

ဝန်ထမ်းအချို့က ကိုယ့်ဘဝကို အဆင့်ဆင့် တိုးမြှင့်ဖို့အခွင့်အလမ်းတွေ ရှိနေမှန်းလည်းမသိ၊ ကြည့်လည်းမကြည့်၊ ကျင့်လည်းမကျင့်၊ သံကို သံဖျက် သံချေးတက်နေရှာတယ်။

ဝန်ထမ်းကောင်းလေလေ တိုင်းပြည်ကောင်းလေလေ။

ဒါက ပကတိအမှန်တရား အခြေအနေပဲ။

တစ်ခါတစ်ရံ ဝန်ထမ်းက ကောင်းချင်ပေမယ့် နိုင်ငံရေးအာဏာ ရယူထားသူအချို့က အခွင့်အရေးယူဖို့ကိုသာ ပူးပေါင်းကူညီစေပြီး နိုင်ငံနဲ့ လူမျိုးအကျိုးကို ကြိုးစားထမ်းဆောင်ခြင်းကိုတော့ အားမပေး၊ မချီးမြှောက်၊ မထောက်ပံ့တဲ့အပြင် ဟန့်တားရှုတ်ချတာမျိုးတောင် ရှိတတ်ပါသေးတယ်။ ရှိစေ။ ပြီးခဲ့တာတော့ ရှိပါစေပေါ့။

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းက ဦးဆောင်တာဝန်ယူပြီး အချိန်ကာလ နှစ်နှစ်၊ သုံးနှစ် ပြုပြင်ပြောင်းလဲအောင် အားစိုက်ခွန်စိုက် ထူထောင်တည်ဆောက်ကြရမယ့်အချိန်ကာလကို ရောက်နေပါပြီ။ နောက်ကြောင်းပြန်ရမယ့် အခြေအနေမဟုတ်တော့။ ဝန်ထမ်းတွေက ဦးဆောင်စံပြ ရှေ့ဆုံးက နမူနာကောင်းပြသပြီး ပြည်သူတစ်ရပ်လုံး လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နဲ့ ခေတ်သစ်တစ်ခု ပြောင်းလဲတိုးတက်အောင် တက်ညီလက်ညီ ကြိုးစားအားထုတ်ကြရမယ့် သမိုင်းပေးတာဝန်ပါ။

**ဝန်ထမ်းကောင်းသာ ခေါင်းဆောင်ပါ**

(က) မြန်မာဟာ အခြားနိုင်ငံပေါင်း ၂၀၀နဲ့ လုံးဝမတူတဲ့ **သီးခြားလက္ခဏာတွေ ရှိနေတယ်။**

(၁) ဥပမာ– ကမ္ဘာ့အမြင့်ဆုံးထဲက ပေ ၁၉၀၀၀ ရေခဲဖုံးတောင် ခါကာဘိုရာဇီ၊

(၂) ပင်လယ်ကမ်းရိုးတန်းမိုင်အလျား ၁၃၈၅ မိုင်ရှည်၊

(၃) အေဒီ ၁ ရာစုမှစပြီး ပျူခေတ်၊ ၁၁ ရာစုမှ ၁၃ ရာစု ပုဂံခေတ်၊ စသည်မှ ၁၉ ရာစု ၁၈၈၅ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်နိုင်ငံကို ကိုယ်ပိုင်ထီးနန်းနဲ့အုပ်ချုပ်ခဲ့တဲ့ အမျိုးသားစိတ်နိုးကြားတဲ့ လူမျိုး။ မျိုးချစ်စိတ်မပါဘဲ ခေါင်းဆောင်တက်လုပ်လို့မရ။ တရုတ်နဲ့၊ ယိုးဒယားနဲ့၊ အင်္ဂလိပ်နယ်ချဲ့နဲ့ စစ်ပွဲတွေ နိုင်လိုက် ရှုံးလိုက် တိုက်ခိုက် ကာကွယ်ခဲ့ပေမယ့် ၁၈၈၆ ဇန်နဝါရီလ ၁ ရက်နေ့မှာတော့ ဂရိတ်ဗြိတိန် နေမဝင်အင်ပါယာရဲ့ ကိုလိုနီ လက်အောက်ခံ အိန္ဒိယရဲ့ တစ်ဆင့်ခံ (ကျွန်အောက်သပေါက်ဘဝ) ကျရောက်ခဲ့ရတဲ့ နိုင်ငံ။ ၁၉၄၈ ဇန် ၄ မှာမှ ပြန်လည် လွတ်လပ်ရေးရခဲ့။ သူ့ကျွန်ဘဝ ၆၂ နှစ် နေခဲ့ရဖူးတယ်။ မြင်ကွင်းကျယ် ရှုမြင်ကြည့်ပါ–

(ခ) **သမိုင်းနမူနာ။** ကုန်းဘောင်ခေတ် သမိုင်းနောက်ခံဇယား– **နောက်ဆက်တွဲ (က)**

(ဂ) **ပထဝီနိုင်ငံရေး။** လက်ရှိပထဝီနိုင်ငံရေး အခြေအနေဇယား– **နောက်ဆက်တွဲ (ခ)**

**ယဉ်ကျေးမှုကိုယ်ပိုင်ရှိခဲ့တယ်**

ဓလေ့ထုံးစံ ကိုယ်ပိုင်အစဉ်အလာ ရှိခဲ့တယ်။ အုပ်ချုပ်ရေးအဆင့်ဆင့်စနစ်၊ သူ့ခေတ်နဲ့သူ ခိုင်ခိုင်မာမာ ရှိခဲ့တယ်။ စာပေဘာသာစကား၊ ဘာသာတရား၊ အနုပညာ ကိုယ့်မှုကိုယ့်ဟန်နဲ့ ရပ်တည်ခဲ့။ အမျိုးသားရေးလက္ခဏာ။ ဥပမာနမူနာ သာဓကတစ်ခုပဲ တင်ပြပါမယ်–

လူကိုအမည်ပေးတာ မွေးတဲ့နေ့အရ ပေးလေ့ပေးထရှိတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ မရှိဘူး။ မြန်မာရဲ့ဝိသေသဓလေ့။ မောင်တင်ဝင်းလား စနေသား။ ကိုစိန်လှဆို အင်္ဂါသား။ ဦးသန်းဖေက သောကြာသား။ အမျိုးသမီးတွေလည်း အလားတူပဲ။ ဒေါ်မြမြဝင်း ကြာသပတေးသမီး။ မအောင်မေကြည် တနင်္ဂနွေသမီးနေမှာ။ ဘာကြောင့်လဲ။ တနင်္ဂနွေသားသမီး အ,ဥ၊ တနင်္လာနံ တနင်္လာနေ့မွေးရင် က၊ ခ၊ ဂ၊ ဃ၊ င ၊ အင်္ဂါ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ကိုအယ်ဒီဆိုတာ တနင်္ဂနွေသားလား၊ မဟုတ်။ ဘာနေ့သားလဲ၊ မသိ။ စတယ်လာဆိုတာ အင်္ဂါသမီးလား၊ မဟုတ်။ ဒေးဗစ်ဆိုတာ အင်္ဂါသားလား၊ ဟုတ်မဟုတ် မသေချာ။ သူတို့က ဘယ်နေ့သားလဲမသိ။

နာမည်ကို နေ့နဲ့နံနဲ့ ပေးတာမြန်မာ၊ ဗမာ။ နမူနာတစ်ခုပဲပြောတာ။ လူတွေ လက်ဗွေမတူဘူး။ DNA မတူဘူး၊ မျက်စိသူငယ်အိမ် မတူဘူး။ လူတိုင်းဟာ သီးသန့်ဝိသေသလက္ခဏာ ရှိနေကြတယ်။ မြန်မာနိုင်ငံဟာ ကိုယ့်အခြေအနေ ကိုယ့်ရေမြေနဲ့ ဆီလျော်ကိုက်ညီအောင် ထူထောင်တည်ဆောက်ရမယ်။ အစဉ်အလာထဲက ကောင်းတာယူ၊ မကောင်းတာ ပယ်ရပေမယ်။ ဆရာမင်းသိင်္ခစကားနဲ့ ပြောရရင် ပွေ့စရာရှိပွေ့၊ မေ့စရာရှိမေ့။ အစွဲမထားနဲ့။ ချင်ပုံပြင်။ ရဟန်းနှစ်ပါး ခရီးသွားကြတယ်။ မာတုဂါမတစ်ယောက်ကို ညအိပ်ခါနီးအထိ စိတ်ထဲမှာ စွဲပါနေတဲ့ ရဟန်းကလွဲတာ။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ကျွန်တော်တို့ **လွတ်လပ်ရေးရပြီးရင်** အနှစ် ၂၀-၃၀၊ ကြိုးစားပြီးကုန်းရုန်းလုပ်နိုင်မှ တော်ကာကျမယ်လို့ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းကို ကြားစမှာ "ဟာ ဒီလောက်ကြာမှာလား" ဇဝေဇဝါခံစားခဲ့ဖူးတယ်။ အခု နှစ် ၇၀ ကျော်လာပြီ။ သူ့ကျွန်ဘဝပြန်မကျခဲ့တာပဲ ကံကောင်း။ တိုးတက်ဖွံ့ဖြိုးမှုမှာ သူများထက် များစွာနိမ့်ကျ ကျန်ရစ်ခဲ့။ နေ့ချင်းညချင်း ခုရေတွင်းတူး ခုရေကြည်သောက်ချင်လို့တော့ မရဘူးဆိုတာ နားလည်ကြပါပြီ။ ဘာပဲဖြစ်ဖြစ် တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတဲ့ ယုံကြည်ချက်နဲ့ ဖွဲတော့ရှိရမယ်။ နိုင်ငံလူမျိုးတိုးတက်အောင် အဆက်မပြတ်ကြိုးစားကြမယ်။ မိုင်တစ်ထောင်၊ လီတစ်သောင်း ကွာဝေးတဲ့ တောင်ထိပ်ကိုရောက်ဖို့ ပထမဦးဆုံးစပြီးလှမ်းတဲ့ ခြေလှမ်းဟာ အရေးကြီးဆုံးပဲ။ ကနေ့ကစပြီး မနေ့ကထက် ပိုကြိုးစားကြမယ်။ Work harder ကြိုးကြိုးစားစား ပိုလုပ်ရုံသာမက Work Smarter ပိုထိရောက်အောင် ထူးခြားအောင် အာရုံစိုက်ပြီး လုပ်ကြမယ်။

**ကိုယ့်အခန်းကဏ္ဍ (Role) ကို အကောင်းဆုံးလုပ်ပါ**

တရုတ်ရှေးဟောင်းပညာရှိ ကွန်ဖြူးရှပ်က ပြောတယ်။ "အဖေက အဖေနေရာနေ၊ အဖေအလုပ်လုပ်။သားကသားလိုနေ၊သားအလုပ်ကိုလုပ်။ အုပ်ချုပ်သူက အုပ်ချုပ်သူလုပ်၊ ပြည်သူက ပြည်သူ့အလုပ်လုပ်။ ငါဘာလဲ၊ ငါ့တာဝန်ဘာလဲ၊ ငါဘာလုပ်ရမှာလဲ၊ အကောင်းဆုံးလုပ်မယ်။ ဒီသဘောတိုက်တွန်းခြင်းပါ။ ကိုယ့်တာဝန်ကို အစွမ်းကုန်လုပ်နေကြရပါမယ်။

ယေဘုယျ အခန်းကဏ္ဍ ၃ မျိုးရှိကြတယ်။ တာဝန်ခံရပုံက (၁) ကွပ်ကဲသူ၊ (၂) အကြံကောင်းဉာဏ်ကောင်းပေးရသူ၊ ကူညီစီမံသူ၊ (၃) လေ့ကျင့်သင်ပြရသူ။ သဘောသဘာဝကွဲကြတယ်။

ဂျပန်၊ တရုတ်၊ စင်ကာပူ၊ ကိုရီးယား၊ အာရှမှာ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်သွားကြပြီ။ သွားမှာပေါ့။ အလုပ်ကြိုးစားကြတယ်။ အချိန်ကို တန်ဖိုးထားတယ်။ စည်းကမ်းရှိတယ်။ စနစ်ကျတယ်။ အမိန့်နာခံတယ်။ စည်းလုံးညီညွတ်တယ်။ တာဝန်ကို လေးစားတယ်။ Duty is duty၊ ကောင်းတာတွေကို အတုယူကြရမယ်။ တပ်မတော်မှာ စီမံခန့်ခွဲရာမှာ ဦး၊ ရေး၊ ထောက်ဆိုတာ ကွဲပြားတယ်။

ဦး ၁ စစ်ဆင်ရေး၊ ဦး ၂ လေ့ကျင့်ရေး၊ ဦး ၃ တာဝန်စီမံ၊ ဦး ၄ ရန်သူ့သတင်း၊ ဦး ၅ စည်းရုံးရေး၊ စိတ်ဓာတ်ရေးရာ။ ရေး ၁ အင်အား၊ ရေး ၂ လစာ၊ သက်သာ၊ ဆုနဲ့ ဘွဲ့ထူးဂုဏ်ထူးကိစ္စစသဖြင့်။

အလုပ်ကို အကြွေးမထားရဘဲ နေ့နေ့ညည အဆက်မပြတ် လည်ပတ်အောင် လုပ်ကြရ။ တိုက်နေခိုက်နေတဲ့ကြားက လေ့ကျင့်မှုလည်းလုပ်။ စိတ်ဓာတ်၊စည်းကမ်း၊စွမ်းရည်ကောင်းအောင်လည်း ပျိုးထောင်၊ အစဉ်မြှင့်တင်ပြုပြင်။ ဣဒ္ဓိပါဒ် ၄ ပါး။ အဓိပတိ ၄ ပါး။

**ကျွန်တော်တို့ဟာ ဥပဒေအရ၊ တာဝန်ယူရ**

ဖွဲ့စည်းပုံအခြေအနေအရ စည်းကမ်းဥပဒေနဲ့ မညီညွတ်တာတွေ ဖြစ်လာရင် ဒီမိုကရေစီစနစ် လမ်းကြောင်းကို မပျက်စီး မတိမ်းစောင်းအောင် ထိန်းကျောင်းရမယ့် တာဝန်ရှိလို့ လုပ်ဆောင်ကြခြင်းပဲ၊ နိုင်ငံ့ဝန်ထမ်းအစိုးရ။ အချိန်တန်ရင် ရွေးကောက်ပွဲကျင်းပပေးပြီး ဥပဒေနဲ့အညီ ပြည်သူ့ကိုယ်စားလှယ်တွေဆီ တာဝန်ပြန်လွှဲပေးဖို့ အတိအလင်း ပြောထားပြီးသား။ ၂၀၂၃ ဇန် ၃၁ အထိပေါ့။ ကိုယ်တာဝန်ယူရတဲ့အချိန်မှာ ဘယ်လိုအခက်အခဲရှိရှိ၊ ဘယ်လို အကျပ်အတည်းပဲတွေ့တွေ့၊ ဘယ်လို အန္တရာယ်တွေပဲ ကြုံရကြုံရ၊ ပြည်သူနဲ့အစိုးရဟာ စည်းစည်းလုံးလုံး ခိုင်ခိုင်မာမာနဲ့ နိုင်ငံတော်ကို တိုးတက်ကောင်းမွန်အောင် အစွမ်းကုန်ကြိုးစားကြရပါမယ်။

(က) **သောမနဿ သဟ ဂုတ်။** ပျော်ရွှင်ကြည်လင်တဲ့ စိတ်ထားနဲ့အတူ၊

(ခ ) **ဉာဏသမ္ပယုတ်။** မြော်မြင်ကျွမ်းကျင်ပညာကို ပြည့်စုံစွာ အားပြုလျက် လုပ်တတ်ကိုင်တတ်ခြင်း (Professional Skill) ၊

( ဂ ) **သ သင်္ခါရိက။** တက်တက်ကြွကြွ ထက်ထက်သန်သန် ကိုယ်တိုင် စိတ်ပါလက်ပါ (Enthusiasm) (Will) ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်နဲ့ အလုပ်လုပ်ကြမယ်။ ပစ္စုပ္ပန်တည့်တည့်ကို အာရုံစူးစိုက်ပြီး အားထည့်လုပ်ကြစို့။

**နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ မိန့်ကြားချက်အချို့**

(က) လူငယ်တွေကို စနစ်တကျ ပြုစုပျိုးထောင်ရန် အလေးထားဆောင်ရွက်ကြရမယ်။

(ခ) နိုင်ငံချစ်စိတ် အမျိုးသားရေး ခံယူချက်ကောင်းအောင် ဖြည့်တင်းကြရမယ်။ ကျေးလက်မြို့ပြအားလုံး စနစ်တကျ တိုးတက်ရမယ်။

(ဂ) စည်းကမ်းကောင်းအောင်၊ စီမံလေ့ကျင့်နေသင့်တယ်။

(ဃ) တာဝန်သိစိတ်၊ အလုပ်ကို တန်ဖိုးထားစိတ်ရှိအောင် ပျိုးထောင်လေ့ကျင့်ရမယ်။

(င) ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစေချင်တယ်။ ပြည်ထောင်စုဟာ ခိုင်မာနေရပေမယ်။

**နိုင်ငံတစ်ခု ထူထောင်ရာမှာ ဦးတည်ချက်နဲ့ ရှေ့လုပ်ငန်းစဉ်အတိုင်း ဘက်ပေါင်းစုံ အားကောင်းရပါမယ်။ ကောင်းသထက်ကောင်းအောင် စီမံကြမယ်-**

(က) **စီးပွားရေး။** ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုများ တိုးတက်စေ။

(ခ ) **လူမှုရေး။** ပညာ၊ ကျန်းမာ၊ ဘာသာ၊ ယဉ်ကျေးမှု၊ အားကစား။

(ဂ) **အုပ်ချုပ်ရေး။** စနစ်ကျ၊ ထိရောက်၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းလုံခြုံ၊ တက်ကြွပျော်ရွှင်။

(ဃ) **နိုင်ငံရေး။** ဒီမိုကရေစီစနစ်၊ စည်းကမ်းစနစ်တကျ ထွန်းကား၊ ကျင့်သုံး၊ အောင်မြင်။

(င) **နိုင်ငံတကာ။** ဂုဏ်ရှိန်ဝင့်ထည်စွာရှိရ။

**စေတနာ**

စေတနာကောင်းရင် ကံကောင်းမယ်။ စေတနာမြင့်ရင် ကံမြင့်မယ်။ စေတနာပါပါစံနမူနာပြုပြီး စီမံအုပ်ချုပ်၊ အလုပ်လုပ်ကြ စေချင်ပါတယ်။ ခေါင်းဆောင်တွေ စံနမူနာပြလေ အောင်မြင်လေပဲ။

**နိဂုံးချုပ်**


အောင်မြင်ကြပါစေ။ နိုင်ငံ့ဝန်ထမ်းတွေ ကောင်းလေလေ နိုင်ငံတော်ကြီး စည်ပင်သာယာ တိုးတက်ကြွယ်ဝ ဘေးကင်းကြမှာ သေချာတယ်။ သဗ္ဗေသတ္တာ အဝေရာဟောန္တု။ ။

**သမိုင်းနမူနာ။ ကုန်းဘောင်ခေတ်မြန်မာနိုင်ငံတော်မင်းဆက်၊ အမည် နန်းသက်ဇယား** **နောက်ဆက်တွဲ(က)**

| စဉ် | ငယ်မည် | နန်းသက် | အသက် | ဘုရင်ဘွဲ့အမည် |
|---|---|---|---|---|
| ၁ | ဦးအောင်ဇေယျ | ၈ နှစ် | ၄၆ | အလောင်းမင်းတရားကြီး |
| ၂ | မောင်လောက် | ၃ | ၂၉ | စစ်ကိုင်းမင်း၊ နောင်တော်ကြီး၊ သီရိပဝရဓမ္မရာဇာ |
| ၃ | မောင်ရွ | ၁၃ | ၄၀ | ဆင်ဖြူရှင်၊ သီရိပဝရသုဓမ္မ မဟာဓမ္မရာဇာဓိရာဇာ |
| ၄ | မောင်ရဲလှ | ၆ | ၂၆ | စဉ့်ကူးမင်း၊ |
| ၅ | မောင်မောင် | ၇ရက် | ၁၈ | ဖောင်းကားမင်း၊ |
| ၆ | ဦးဝိုင်း | ၃၇ နှစ် | ၇၅ | ဘိုးတော်ဘုရား၊ ဗဒုံမင်း၊ သီရိပဝရဝိဇယာနန္တယသ တြိဘဝဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဘွဲ့တံဆိပ်တော် |
| ၇ | မောင်စိန် | ၁၈ | ၆၁ | ဘကြီးတော်၊ သီရိတြိဘာဝနာဒိတျပဝရ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ |
| ၈ | မောင်ခင် | ၉ | ၅၉ | သာယာဝတီမင်း |
| ၉ | မောင်ထောင် | ၆ | ၄၁ | ပုဂံမင်း |
| ၁၀ | မောင်လွင် | ၂၆ | ၆၄ | မင်းတုန်းမင်း၊ သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ တြိဘာဝနာဒိတျာဓိပတိ မဟာရာဇာဓိရာဇာ |
| ၁၁ | မောင်ရေစက် | ၇ | ? | သီပေါမင်း၊ သီရိပဝရဝိဇယာနန္တယသ တိလောကာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာဘွဲ့တံဆိပ်တော် |

**ပထဝီနိုင်ငံရေး။ အာရှတိုက် ၁၁ နိုင်ငံနှင့် မိမိတို့နိုင်ငံနှိုင်းယှဉ်ချက်** **နောက်ဆက်တွဲ(ခ)**

| စဉ် | နိုင်ငံအမည် | လူဦးရေ | အကျယ်အဝန်း (စတုရန်းမိုင်) | Population Density | GDP(US Billion Dollar) | | |
|---|---|---|---|---|---|---|---|
| | | | | | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ (ခန့်မှန်း) |
| ၁ | မြန်မာ | ၅၅သန်း | ၂၆၁၂၂၈ မိုင် | ၂၀၈ ဦး | ၆၈.၈၀ | ၈၁.၂၆ | ၇၆.၂၀ |
| ၂ | တရုတ် | ၁၄၀၇ သန်း | ၃၇၂၂၃၄၂ မိုင် | ၃၇၈ ဦး | ၁၄၂၇၉.၉၄ | ၁၄၇၂၂.၇၃ | ၁၅၆၀၀,၀၀ |
| ၃ | လာအို | ၆. ၅ သန်း | ၉၁၄၂၉ မိုင် | ၇၁ဦး | ၁၈.၈၁ | ၁၉.၀၈ | ၂၀.၄၄ |
| ၄ | ထိုင်း | ၆၇သန်း | ၁၉၈၁၁၇ မိုင် | ၃၃၆ ဦး | ၅၄၄.၁၅ | ၅၀၁.၈၉ | ၅၃၈.၇၄ |
| ၅ | ဘင်္ဂလားဒေ့ရှ် | ၁၇၀ သန်း | ၅၅၅၉၈ မိုင် | ၃၀၆၉ ဦး | ၃၀၂.၅၆ | ၃၂၄.၂၄ | ၃၁၀.၀၀ |
| ၆ | အိန္ဒိယ | ၁၃၅၃ သန်း | ၁၂၆၉၂၁၉ မိုင် | ၁၀၆၆ ဦး | ၂၈၇၀.၅၀ | ၂၆၂၂.၉၈ | ၂၈၅၀.၀၀ |
| ၇ | မလေးရှား | ၃၃ သန်း | ၁၂၇၇၂၄ မိုင် | ၂၅၇ ဦး | ၃၆၄.၆၈ | ၃၃၈.၂၈ | ၃၈၇.၀၉ |
| ၈ | စင်ကာပူ | ၅.၇ သန်း | ၂၇၉ မိုင် | ၂၀၄၄၆ ဦး | ၃၇၄.၃၉ | ၃၃၉.၉၈ | ၃၇၄.၃၉ |
| ၉ | ဘရူနိုင်း | ၀.၄ သန်း | ၂၂၂၆ မိုင် | ၁၈၉ ဦး | ၁၃.၄၇ | ၁၂.၀၂ | ၁၅.၂၈ |
| ၁၀ | အင်ဒိုနီးရှား | ၂၇၀ သန်း | ၇၃၅၃၅၈ မိုင် | ၃၆၇ ဦး | ၁၁၂၀.၀၄ | ၁၀၅၉.၆၄ | ၁၁၅၈.၇၈ |
| ၁၁ | ဖိလစ်ပိုင် | ၁၁၀ သန်း | ၁၁၅၈၃၁ မိုင် | ၉၅၁ ဦး | ၃၇၆.၈၀ | ၃၆၂.၂၄ | ၄၀၂.၆၄ |
| ၁၂ | ဂျပန် | ၁၂၆ သန်း | ၁၄၅၉၃၇ မိုင် | ၈၆၃ ဦး | ၅၀၆၄.၈၇ | ၅၀၄၈.၆၉ | ၅၂၀၀.၀၀ |



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ ဝါကျမှာ မလိုအပ်ဘဲ စကားလုံးတွေ ထပ်ကာ မသုံးမိစေဖို့ နာမ်စား (pronoun) တွေအကြောင်း ဆက်ပြီးဖော်ပြပေးလိုက်ပါတယ်။ နာမ်စားတွေကို မှန်မှန်ကန်ကန်သုံးတတ်ဖို့အတွက်လည်း ပုဂ္ဂိုလ်ပြနာမ်စား (personal pronoun) ဇယားအကျဉ်းချုပ်နဲ့တကွ အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ရုံသာမက ပိုမိုကျွမ်းကျင်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about intentions-1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာ အသုံးများတဲ့ အီဒီယံတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

*(ယခင်အပတ်မှအဆက်)*

နာမ်စားတစ်ခုသည် ၎င်းကို ကိုယ်စားပြုသည့် ကိန်း၊ ပုဂ္ဂိုလ်၊ လိင်နှင့် ကိစ္စဟုခေါ်သည့် (case) တို့နဲ့ သဘောတရားချင်း တူရမည်ဖြစ်သလို ကိုက်လည်း ကိုက်ညီရမည် ဖြစ်သည်။ တစ်ခုကိန်း-တစ်ခုကိန်းချင်း၊ အများကိန်း-အများကိန်းချင်း၊ အထီး-အထီးချင်း၊ အမ-အမချင်း၊ ကတ္တားနေရာဖြစ်လျှင် ကတ္တားအသွင်၊ ကံနေရာဖြစ်လျှင် ကံအသွင်၊ ပိုင်ဆိုင်မှုကို ပြလိုလျှင် ပိုင်ဆိုင်မှုအသွင်တို့ကို သုံးရမည်။ ဥပမာ။

- I am talking. You are listening.
- We are talking about her.
- Her name is Mya Mya. Her brother is Nyi Nyi.
- He and his sister are very good-natured.
- They have a big dog. It wags its tail if you called it Aung Nat.

နာမ်ကဲ့သို့ပင် နာမ်စားတွင်လည်း ကိစ္စဟုခေါ်သည့် (case) ရှိသည်။ နာမ်စားတစ်ခု၏ ကိစ္စဟုခေါ်သည့် (case)သည် နာမ်၏ ကိစ္စဟုခေါ်သည့် (case) နှင့် အတူတူ ပင်ဖြစ်သည်။ ဆိုလိုသည်မှာ ကတ္တားကိစ္စ (Subject Case)၊ ပိုင်ဆိုင်မှုပြကိစ္စ (Possessive Case)၊ ကံကိစ္စ (Object Case) တို့ ဖြစ်သည်။ သို့သော်လည်း နာမ်စားတစ်ခုတွင် ကိစ္စ (Case) တစ်ခုချင်းစီအတွက် မတူညီသော ပုံစံအမျိုးမျိုး ရှိသည်။

ပိုင်ဆိုင်မှုပြကိစ္စ (Possessive Case) တွင် ပုံစံနှစ်မျိုးရှိသည်။ ၎င်းတို့မှာ ပိုင်ဆိုင်မှုပြ နာမဝိသေသန (Possessive Adjective) နှင့် ပိုင်ဆိုင်မှုပြနာမ်စား (Possessive Pronoun) တို့ ဖြစ်ကြသည်။ ပိုင်ဆိုင်မှုပြနာမဝိသေသန (Possessive Adjective)သည် နာမ် (Noun) ကို အထူးပြုသည်။ ထို့ကြောင့် နာမ် (Noun) နှင့် ယှဉ်တွဲရေးသားရသည်။ ပိုင်ဆိုင်မှုပြနာမ်စား (Possessive Pronoun) သည် သူ့ချည်းသက်သက် ရပ်တည်နိုင်သည်။ ဥပမာ။

- This is *my* book. အဆိုပါ ဝါကျတွင် "my" သည် ပိုင်ဆိုင်မှုပြ နာမဝိသေ သန (Possessive Adjective) ဖြစ်ပြီး အနောက်က စာအုပ် (book) ဆိုသည့် နာမ် (Noun) ကိုအထူးပြုသည်။
- This book is *mine.* အဆိုပါ ဝါကျတွင် "mine" သည် ပိုင်ဆိုင်မှုပြ နာမ်စား (Possessive Pronoun) ဖြစ်ပြီး မည်သူ့ကိုမျှ အထူးပြုစရာ မလိုအပ်ဘဲ ကျွန်ုပ်၏စာအုပ်(my book)ဆိုသည့် နာမ် (Noun) အတွက် သီးသန့် ရပ်တည်သည်။

ကံကိစ္စ (Object Case) ရှိ နာမ်စားတွင်လည်း ပုံစံနှစ်မျိုးရှိသည်။ ၎င်းတို့မှာ ရိုးရိုးပုံစံ (simple form) နှင့် ကိုယ်တိုင်ပြုလုပ် ကိုင်တိုင်ခံပုံစံ (reflexive form) တို့ ဖြစ်ကြသည်။ ရိုးရိုးပုံစံ (simple form) ဆိုသည်မှာ ရိုးရိုးကံပုဒ် (object) ကို ဆိုလိုသည်။ ကိုယ်တိုင်ပြုလုပ် ကိုင်တိုင်ခံပုံစံ (reflexive form) ဆိုသည်မှာ ကတ္တားပုဒ် (subject) နှင့် ကံပုဒ် (object) တို့သည် တစ်ဦးတည်းကိုရည်ညွှန်းပြီး ပြုလုပ်သူနှင့် ခံရသူအတူတူပင် ဖြစ်သည်။ ဥပမာ။

- John saw me in a bus. အဆိုပါ ဝါကျတွင် "me" သည် ရိုးရိုးကံပုဒ် (simple object or ordinary object) ဖြစ်သည်။
- I saw myself in the mirror. အဆိုပါ ဝါကျတွင် "myself" သည် ကိုယ်တိုင်ပြုလုပ် ကိုင်တိုင်ခံပုံစံ (reflexive form) ပင်ဖြစ်သည်။

(မှတ်ရန်) ပုဂ္ဂိုလ်ပြနာမ်စား (personal pronoun) တစ်ခု၏ ကိုယ်တိုင် ပြုလုပ် ကိုင်တိုင်ခံပုံစံ (reflexive form) ကို အသားပေး၊ အလေးအနက်ထား၊ အဓိပ္ပာယ် ထင်ရှားစေရန် ဖော်ပြရာတွင်လည်း အသုံးပြုနိုင်သည်။ ဥပမာ။

- I myself
- We ourselves
- You yourself
- He himself
- She herself
- They themselves

အောက်တွင် ပုဂ္ဂိုလ်ပြနာမ်စား (personal pronoun) ဇယားအကျဉ်းချုပ်ကို ဖော်ပြ လိုက်သည်။

**Forms of Personal Pronouns**

| Person | Subject (Nominative Case) | Object (Objective Case) | Possessive Adjective | Possessive Pronoun | Reflexive |
|---|---|---|---|---|---|
| First Person | I | me | my … | mine | myself |
| | we | us | our … | ours | ourselves |
| Second Person | you | you | your … | yours | yourself |
| | you | you | your … | yours | yourselves |
| Third Person | he | him | his … | his | himself |
| | she | her | her … | hers | herself |
| | it | it | its … | its | itself |
| | they | them | their … | theirs | themselves |

For example: Ko Ko and Ma Ma saw Tun Tun yesterday.
They saw him yesterday.
He bought Ko Ko and Ma Ma a cup of tea.




He bought them a cup of tea.
Hla Hla and I saw a film called "The Tiger" yesterday. Have you seen "The Tiger."
We saw a film called "The Tiger" yesterday. Have you seen it.
This car belongs to me. This is my car. It's mine.
These cups belong to us. These are our cups. They're ours.
Those books belong to him. Those are his books. They're his.
This key belongs to her. This is her key. It's hers.

**Exercise (1) Replace the words in bold with suitable pronouns in these sentences.**

e.g. Mr Peng has a dog. The dog is called Blackie.
Mr Peng has a dog. It is called Blackie.

(1) Muthu takes care of the garden. Muthu is a good gardener.
(2) Mary has a sweet voice. Mary is also a pretty girl.
(3) Mr and Mrs Chen are here. Mr and Mrs Chen are talking to the hostess.
(4) Look at my dog. My dog is wagging its tail.
(5) My brother and I visited the art gallery. My brother and I saw many beautiful paintings.
(6) The teacher said, "Give the teacher your book."
(7) Put all these letters on the table and then sort these letters out.
(8) When the dog saw the little boy, the dog bit the little boy.
(9) I had a few stamps. I gave the stamps to Tom.
(10) Ruilan walked to the door. Then Ruilan opened the door and went out.
(11) John is five feet tall. Ann is only four and a half feet tall. John is taller than Ann.
(12) Dick saw Jinsheng. Dick called out to Jinsheng. Then Dick and Jinsheng walked together.


*(ဆက်လက်ဖော်ပြပါမည်)*

## CONVERSATION



### Shortest way to talk about intentions – 1

ကိုယ်လုပ်ဖို့စဉ်းစားထားတာ၊ ကိုယ်လုပ်ဖို့ ရည်ရွယ်ထားတာ၊ ကိုယ်ဘာလုပ်မလဲဆိုပြီး ဆုံးဖြတ်ချက်ချထားတာတွေကို ဖော်ပြပြောဆိုတဲ့ အခါမှာ ဘယ်လိုသုံးရမလဲ၊ ဘယ်လိုပြောရမလဲဆိုတဲ့ စကားပြောပုံစံတွေနဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ Shortest way to talk about intentions-1 ဆိုပြီး ဖော်ပြပေးလိုက်ပါတယ်။




*I'm going to …*
*I'm …*
*I think I'll …*
*I'll …*
*I'm thinking of …*

၁။ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောချင်တဲ့ အခါမှာ ပြောလေ့ ရှိတဲ့ အသုံးအနှုန်းတစ်ခုကတော့ I'm going to … ပဲဖြစ်ပါတယ်။ "ကျွန်တော် လုပ်တော့မယ် …" ဆိုတဲ့သဘောပဲဖြစ်ပါတယ်။ ဥပမာ။

- I'm going to spend the afternoon gardening.
- I'm going to spend Christmas with my parents.
- I'm going to study medicine when I leave school.

**ဘာသာစကားရှုထောင့်**

ဒီနေရာမှာ ကိုယ်မလုပ်တော့ဘူးဆိုပြီး ပြောတဲ့ အသုံးလေးကို မှတ်စေချင်ပါတယ်။ အဲဒါကတော့ I'm not going to … ပဲဖြစ်ပါတယ်။ ဥပမာ။

- I'm not going to spend the summer abroad this year.

၂။ နောက်တစ်ခါ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောတဲ့အခါ သုံးလို့ရတဲ့ ပုံစံတစ်မျိုးကတော့ Present Progressive Tense လို့ခေါ်တဲ့ am, is, are + Ving ပုံစံပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ တိကျတဲ့အချိန်တစ်ခုနဲ့ ဖော်ပြလေ့ရှိပါတယ်။ ဥပမာ။

- I'm leaving for the station now.
- I'm having a barbecue next Saturday.
- I'm taking Sue out to dinner tomorrow evening.

**ဘာသာစကားရှုထောင့်**

အလားတူ Present Progressive Tense နေရာမှာ နောက်တစ်မျိုးအစားထိုးပြီးပြောလို့ရတဲ့ ပုံစံတစ်မျိုး ကတော့ Future Progressive Tense ပဲဖြစ်ပါတယ်။ သူ့ရဲ့ပုံစံကတော့ will/shall + be + Ving ပုံစံပဲ ဖြစ်ပါတယ်။ ဒီအသုံးကိုလည်း ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောတဲ့အခါမှာ သုံးလို့ရပါတယ်။ ဥပမာ။

- Are you going by train?
  No, I'll be going by air. I'll be leaving tomorrow.

၃။ ကိုယ်ဘာလုပ်တော့မလဲ သို့မဟုတ် လုပ်ကောင်းလုပ်မယ်လို့ ပြောချင်တဲ့အခါမှာ သုံးလို့ရတဲ့ နောက်စကားပြောပုံစံတစ်မျိုး ကတော့ I think I'll … ပဲဖြစ်ပါတယ်။ ဥပမာ။

- I think I'll drive to work tomorrow. I'm going shopping after work and I'll have a lot to carry.
- I think I'll take my holiday in September next year.

**ဘာသာစကားရှုထောင့်**

ကိုယ်မလုပ်တော့ဘူး သို့မဟုတ် လုပ်ကောင်းလုပ်လိမ့်မယ်မဟုတ် ဘူးလို့ ပြောချင်တဲ့အခါမှာ အငြင်းပုံစံလေးနဲ့ ပြောပါတယ်။ အငြင်း ပုံစံလေးကတော့ I don't think I'll … ပဲဖြစ်ပါတယ်။ ဥပမာ။

- I don't think I'll go skiing this year.

၄။ အရပ်ပြောအနေနဲ့ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောချင်ရင်တော့ I'll … ကိုသုံးပါတယ်။ ဥပမာ။

- I'll move to the country, I think.
- I'll go to university straight after school.

၅။ ကိုယ်တစ်ခုခုလုပ်မလို့ စဉ်းစားနေတယ်လို့ ပြောချင်ရင်၊ ကိုယ်လုပ်မယ့်ကိစ္စက ယောင်ဝါးဝါး ဖြစ်နေရင်တော့ သုံးရမယ့် ပုံစံကတော့ I'm thinking of … ပဲဖြစ်ပါတယ်။ ဥပမာ။

- I'm thinking of taking a few days off at Christmas and go skiing.
- I'm thinking of looking for a new job when I come back from holiday.

**ဘာသာစကားရှုထောင့်**

တစ်ခါတစ်ရံမှာ ဒီလိုမျိုးလည်း သုံးနိုင်ပါတယ်။ ဥပမာ။

- I though I might go and visit my grand-mother this summer, but she lives a long way away.

ဒီနေရာမှာ I thought I might … ဆိုတဲ့အသုံးက ကိုယ်လုပ်မယ့်ကိစ္စက သိပ်ပြီးမသေချာသေးရင် ဒါမှမဟုတ် ယောင်ဝါးဝါး ဖြစ်နေရင် သုံးတာပါ။

**Plans for the weekend**

Sally: How are you going to spend the weekend, Sue?

Sue: I'm going to go shopping with Meg on Saturday and I'm going to visit my parents on Sunday. How about you?

Sally: I'm taking my Mum out to luch on Saturday. I'll be staying in on Sunday because I really have to clean my flat.

Sue: I think I'll clean mine tonight. It's in a real mess. Meg's been staying with me and she's very untidy. I don't think I'll let her stay again.

### VOCABULARY (IDIOM)

(1) up to the mark (အဆင့်မီသည်)
Her school work isn't quite up to the mark.
(2) no laughing matter (အလေးအနက်ထားသော၊ ပေါ့သေးသေးမဟုတ်သော)
Looking after 25 noisy children is no laughing matter.
(3) to get one's monkey up (စိတ်ဆိုးသည်)
Please calm down, I didn't mean to get your monkey up.
(4) once in a blue moon (ကြုံတောင့်ကြုံခဲသို့မဟုတ် ဘယ်တော့မှ)
That kind of chance comes once in a blue moon.
(5) to face the music (ကိုယ်လုပ်ကိုယ်ခံရသည်)
You've been caught cheating-now you must face the music.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အာဖဂန်အစိုးရပိုင်ဆိုင်မှုများကို ပိတ်ဆို့ထားရာမှ ဖယ်ရှားပေးရန် တာလီဘန်တောင်းဆို

**ကဘူးလ် အောက်တိုဘာ ၁၀**

အမေရိကန်တွင် ပိတ်ဆို့ထိန်းသိမ်းခံထားရသည့် အာဖဂန်အစိုးရပိုင်ဆိုင်မှုများကို ဖြေလျှော့ပေးရန်အတွက် တာလီဘန် ကိုယ်စားလှယ်များက အမေရိကန်ပြည်ထောင်စုထံ တောင်းဆိုခဲ့သည်။

အောက်တိုဘာ ၉ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ အာဖဂန် ခေတ္တနိုင်ငံခြားရေးဝန်ကြီး အာမီယာခန်းမတ်တာကီနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးတို့ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ တောင်းဆိုခဲ့ကြခြင်းဖြစ်သည်ဟု တာလီဘန်အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ ဩဂုတ် ၃၀ ရက်က အမေရိကန်တို့ အာဖဂန်မြေပေါ်မှ ထွက်ခွာသွားကြပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နှင့် တာလီဘန်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အပါအဝင် အခြားသော ပူးပေါင်းဆောင်ရွက်မှုများအတွက် တာလီဘန်တို့က အမေရိကန်ထံ တောင်းဆိုခဲ့သည်။

အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်ပြီး အမေရိကန်တို့ဘက်မှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ကိုဗစ်-၁၉ ကာကွယ်ဆေး လှူဒါန်းရန်အတွက်လည်း အမေရိကန်အရာရှိများနှင့် ဆွေးနွေးထားပြီးဖြစ်ကြောင်း တာလီဘန်တို့က ပြောသည်။ တာလီဘန်တို့ အာဏာပြန်လည်ရယူသည့်အချိန်မှစတင်ကာ နိုင်ငံရပ်ခြားရှိ အာဖဂန်အစိုးရပိုင် ပစ္စည်းများ ထိန်းသိမ်းခံထားရသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ကလည်း အာဖဂန်နစ္စတန်သို့ ပေးမည့် ဘဏ္ဍာရေးအထောက်အပံ့များကို ရပ်ဆိုင်းထားသည်။ တိုင်းပြည်အတွင်း ငွေကြေးပြတ်လပ်မှုနှင့် စီးပွားရေးဆိုင်ရာအခြေအနေများ ပျက်စီးယိုယွင်းမှုနှင့်တွေ့ကြုံနေရသည်။ **အင်န်အိတ်ချ်ကေ**



ကဘူးလ်မြို့အတွင်း သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

# လက်ဘနွန်နိုင်ငံ၌ လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်

**ဘေရွတ် အောက်တိုဘာ ၁၀**

လက်ဘနွန်နိုင်ငံတွင် အဓိက ဓာတ်အားပေးစက်ရုံကြီးနှစ်ရုံ လောင်စာပြတ်တောက်မှုကြောင့် မလည်ပတ်နိုင်သည့်အတွက် အောက်တိုဘာ ၉ ရက်မှစတင်က လျှပ်စစ်မီး ပြတ်တောက်ခဲ့သည်ဟု သိရသည်။

လာမည့်ရက် အနည်းငယ်အတွင်း လျှပ်စစ်ဓာတ်အားပေးမှုမှာ လုပ်ဆောင်နိုင်ဦးမည်မဟုတ်ဟု အစိုးရသတင်းအေဂျင်စီနှင့် မီဒီယာများတွင် ဖော်ပြကြသည်။

လက်ဘနွန်နိုင်ငံ၏ စီးပွားရေးမှာ စိုးရိမ်စရာကောင်းသည့် အခြေအနေတွင် ရှိနေသည်။ ၂၀၂၀ ပြည့်နှစ်မတ်လအတွင်းမှစတင်ကာ ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။



လျှပ်စစ်မီးပြတ်တောက်နေစဉ် အမှောင်ထဲတွင်ထိုင်နေသည့် ဈေးသည်တစ်ဦးကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများနှင့် မြို့တော် ဘေရွတ်တွင် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက ပေါက်ကွဲမှုကြီးကြောင့် စီးပွားရေးကို ပိုမိုထိခိုက်စေခဲ့သည်။ နိုင်ငံခြားငွေ ပြတ်တောက်ခြင်းကြောင့်လည်း ဓာတ်ငွေ့နှင့် ရေနံတင်သွင်းမှုတွင် အတားအဆီးများနှင့် ကြုံတွေ့ခဲ့ရသည်။

ယင်းမှတစ်ဆင့် ဓာတ်အားထောက်ပံ့ပေးမှု ပြတ်တောက်သည်အထိ ထိခိုက်ခဲ့ရသည်။ ဘေရွတ်မြို့လယ်တွင် နေထိုင်ကြသည့် ဒေသခံများပင်လျှင် ယခုနှစ်အစပိုင်းမှစတင်ကာ တစ်နေ့လျှင် နာရီအနည်းငယ်သာ လျှပ်စစ်မီးရရှိသည်။

စက်တင်ဘာလ အတွင်းကမှ ဖွဲ့စည်းခဲ့သည့် အစိုးရသည်လည်း စီးပွားရေး ပြန်လည်တည်ဆောက်ရေးအတွက် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ **အင်န်အိတ်ချ်ကေ**

## အီရန်နိုင်ငံ၏ ပထမဆုံးသမ္မတ အဘူဟတ်ဆန်ဘန်နီဆားဒါ အသက် ၈၈ နှစ်တွင် ကွယ်လွန်

**တီဟီရန် အောက်တိုဘာ ၁၀**

အီရန်နိုင်ငံ ပထမဆုံးသမ္မတဖြစ်သူ အဘူဟတ်ဆန်ဘန်နီဆားဒါမှာ အောက်တိုဘာ ၉ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနက ကြေညာခဲ့သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏အသက်မှာ ၈၈ နှစ်ရှိပြီဖြစ်သည်။

အီရန်နိုင်ငံတွင် ၁၉၇၉ ခုနှစ်တော်လှန်ရေးအပြီး နိုင်ငံရေးသမားနှင့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ဘန်နီဆားဒါးကို တိုင်းပြည်၏ ပထမဆုံးသမ္မတအဖြစ် ရွေးကောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပထမဦးဆုံးသမ္မတအဖြစ် ရွေးကောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၉ ခုနှစ် တော်လှန်ရေးကြောင့် အမေရိကန်ကို ကျောထောက်နောက်ခံပြုထားသည့် ဘုရင်စနစ်မှ သမ္မတနိုင်ငံစနစ်သို့ ပြောင်းလဲသွားရသည်။ **ဆင်ဟွာ**

## အက်စ်ထရာဇနီကာ ကိုဗစ်- ၁၉ ကာကွယ်ဆေးအလုံးရေ ၈၆၀၀၀၀ ကို ကင်ညာနိုင်ငံလက်ခံရရှိ

**နိုင်ရိုဘီ အောက်တိုဘာ ၁၀**

ကင်ညာနိုင်ငံတွင် အောက်တိုဘာ ၈ ရက်က အက်စ်ထရာဇနီကာ ကိုဗစ် -၁၉ ကာကွယ်ဆေးအလုံးရေ ၁၆၀၀၀၀ ကို လက်ခံရရှိခဲ့သည်ဟု သိရသည်။ အလားတူပင် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ ကိုဗက်အစီအစဉ်မှတစ်ဆင့် ပေးလှူသည့် ကာကွယ်ဆေးအလုံးရေ ၇၀၀၀၀၀ ကိုလည်း လက်ခံရရှိခဲ့သည်ဟု သိရသည်။

ကင်ညာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၅၀၈၉၈ ဦးရှိသည်။ **ဆင်ဟွာ**

# အီတလီနိုင်ငံ၌ အသက် ၆၀ နှင့်အထက်များကို ကိုဗစ် - ၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပေး

**ရောမ အောက်တိုဘာ ၁၀**

အီတလီနိုင်ငံ၌ အောက်တိုဘာ ၉ ရက်က အသက် ၆၀ နှင့်အထက်များကို ကိုဗစ် - ၁၉ ကာကွယ်ဆေး တတိယအကြိမ် စတင်ထိုးပေးနေပြီဟု သိရသည်။

ဥရောပဆေးအေဂျင်စီက ယခုလအစောပိုင်း၌ ကာကွယ်ဆေးနှင့် ပတ်သက်၍ မီးစိမ်းပြပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးပြီးသည်မှာ ခြောက်လရှိပြီဖြစ်သော အသက် ၁၈ နှစ်နှင့်အထက်များကိုပါ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် စဉ်းစားသင့်သည်ဟု ဥရောပဆေးအေဂျင်စီက ခွင့်ပြုပေးခဲ့သည်။

စက်တင်ဘာလနှောင်းပိုင်းမှ စတင်ကာ အီတလီနိုင်ငံသည် ကိုဗစ် - ၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပေးမှုကို စတင်ခဲ့သည်။ ဖိုက်ဇာ သို့မဟုတ် မော်ဒါနာကာကွယ်ဆေးကို အသုံးပြုကာ ကိုယ်ခန္ဓာအစိတ်အပိုင်း လဲလှယ်ထားသူများနှင့် အသက် ၈၀နှင့်အထက် သက်ကြီးရွယ်အိုများ၊ သက်ကြီးစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်ကြသူများနှင့် ကျန်းမာရေးလုပ်သားများကို စတင်ထိုးပေးခဲ့သည်။ ယခုအချိန်အထိ အီတလီနိုင်ငံတွင် အသက် ၁၂ နှစ်နှင့်အထက် သတ်မှတ်ထားသည့် လူဦးရေ၏ ၇၉ ဒသမ ၉ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးပေးခဲ့ပြီး ကာကွယ်ဆေးအပြည့်ထိုးပြီးသူ ၄၃ သန်းကျော်ရှိသည်ဟု တရားဝင်အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**



အီတလီနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

ပဲခူး အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မင်းလှမြို့ ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း တည်ဆောက်ထားသည့် Oxygen Plant လည်ပတ်နေမှုနှင့် ဆေးရုံဝန်း ပတ်လမ်းကို လည်းကောင်း၊ မင်းလှမြို့အဝင် နှစ်မိုင် ငါးဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးကို လည်းကောင်း၊ မင်းလှမြို့ အားကစားရုံတည်ဆောက် နေမှုကို လည်းကောင်း၊ တာကလေးကျေးရွာ ကွင်းအမှတ် (၉၈၂) ၌ ဆင်းသုခ ၁၁ ဧက နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ဒေသတွင်း ဆီဖူလုံမှုရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဝယ်ယူ ထားသော နေကြာမျိုးစေ့များကို တောင်သူများထံ ဖြန့်ဝေပေးသည်။ **(ယာပုံ)**



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ သည် လက်ပံတန်းမြို့နယ် သဲကော ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား နွေစပါး စိုက်ပျိုးရေ အပြည့်အဝရရှိစေရေးနှင့် တမံပတ်ဝန်း ကျင် ဂေဟစနစ် ပျက်စီးမှုမရှိစေရေး အလေးအနက် ထား ဆောင်ရွက်သွားရန်မှာကြားပြီး လက်ပံတန်းမြို့ ဝေယံမိုးမြင့် အဆင့်မြင့်ဆန်စက်မှ မိုးစပါးကြိတ်ခွဲ နေမှုနှင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ပေးမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လက်ပံတန်းမြို့ နည်းပညာဖြန့်ဖြူးရေး ဌာနခွဲ၌ ဒေသခံတောင်သူများ ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီ အစဉ်ဖြင့် နေကြာမျိုးစေ့များ ဖြန့်ဝေပေးခဲ့ပြီး သာယာဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း ၌ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေ စာရင်းတို့ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် သာယာဝတီမြို့ ဆရာစံခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်း များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ပရဟိတ လူမှုကူညီရေးအသင်းများအား သွားရောက်တွေ့ဆုံ ဂုဏ်ပြုအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေ ကျပ် ၃၅ သိန်း၊ ဂုဏ်ပြုမှတ်တမ်းများ၊ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး စာတမ်းပါ တီရှပ်အင်္ကျီများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ္မတူတွင် အသက် ၄၅ နှစ်နှင့်အထက် ဒေသခံပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

နမ္မတူ အောက်တိုဘာ ၁၀

**ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရောင်ခြည် ခန်းမ၌ ယနေ့နံနက်ပိုင်းက စတင်ကာ အသက် ၄၅ နှစ်နှင့်အထက် ဒေသခံပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။** (ယာပုံ)



ထိုသို့ ထိုးနှံပေးရာတွင် နမ္မတူမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံလို သည့် စာရင်းပေးသွင်းထားသူ များထဲမှ အသက် ၄၅ နှစ်နှင့် အထက် ဒေသခံပြည်သူများအား ထိုးနှံပေးခြင်းဖြစ်ပြီး၊ ယခုအသုတ် တွင် ကာကွယ်ဆေး အလုံး ၄၀ ရရှိပြီး ကာကွယ်ဆေး တစ်လုံးလျှင် ငါးဦးနှုန်းဖြင့် အသက် ၄၅ နှစ်နှင့်အထက် ဒေသခံပြည်သူ ၂၀၀ အား ကာကွယ်ဆေး ထိုးနှံ ပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ ဆေးရုံမှ တာဝန်ရှိသူတစ်ဦး ထံက သိရသည်။

အဆိုပါ ကိုဗစ်ကာကွယ်ဆေး ထိုးနှံနေမှု အခြေအနေကို ဗိုလ်မှူးကြီး ကျော်ဇေဝင်း၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်း မင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ဇောအောင်နှင့် တာဝန်ရှိ သူများက ကြည့်ရှုစစ်ဆေးကာ ကာကွယ်ဆေး ထိုးနှံလျက်ရှိသည့် ဒေသခံပြည်သူများအား အားပေး စကားပြောကြားခဲ့ပြီး လိုအပ် သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အနေဖြင့် ဦးစားပေးအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး များ ထိုးနှံပေးလျက်ရှိရာ မြို့နယ် အတွင်းရှိ ဒေသခံပြည်သူ ၃၄၀၆ ဦးအား ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံခဲ့ပြီး ယခုအခါ အသက် ၄၅ နှစ်နှင့်အထက် ဒေသခံ ပြည်သူ ၂၀၀ အား ပထမအကြိမ် ကာကွယ်ဆေးများ ထိုးနှံပေးပြီးပြီ ဖြစ်သဖြင့် စုစုပေါင်း ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၄၃၅ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးထံက သိရ သည်။

**လူမော် (ပြန်/ဆက်)**

# မိုင်းရယ်မြို့နယ်၌ တတိယအသုတ် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးလျက်ရှိ

**မိုင်းရယ် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းရယ် မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ် ဆေးများကို ယမန်နေ့မှစ၍ မိုင်းရယ်မြို့ နမ့်ရယ်ခန်းမနှင့် မန်ကျောင်းပန်ရှင် ဘုန်းတော်ကြီးကျောင်းတို့တွင် အသက် ၁၈ နှစ်အထက် ရှိသူများအား တတိယ အသုတ် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။



မိုင်းရယ်မြို့နယ်တွင် အသက် ၁၈ နှစ်အထက် တတိယအသုတ် ပထမအကြိမ်ထိုးနှံရမည့် ဦးတည်အုပ်စု အလိုက် ကာကွယ်ဆေး ထိုးနှံမှုတွင် ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၂၇၅ ဦး ရှိပြီး ဆေးထိုးနှံရန် ကျန်ရှိသူများကို ဆက်လက် ထိုးနှံပေးသွားမည်ဖြစ် ကြောင်း မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ သိရ သည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ် ဆေးများထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကမ်းမယ့်လက် ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**ကျော်ဇင်ထိုက်**

# ဘူးသီးတောင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ဘူးသီးတောင် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအေးမောင်သိန်းနှင့် ဝန်ထမ်းများက ဘူးသီးတောင်မြို့နယ် လောင်းချောင်းကျေးရွာရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့ပိုင်းနံနက်က မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လောင်းချောင်းကျေးရွာရှိ အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးလာရောက်လျှောက်ထားသူ ကျား ၅၂ ဦး၊ မ ၄၉ ဦး စုစုပေါင်း ၁၀၁ ဦး နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံးလျှောက်ထားသူ မိသားစု ခုနစ်စုတို့သည် ဘူးသီးတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီး မှူးရုံး၌ လာရောက်လျှောက်ထားရာ ဦးစီးမှူးနှင့် ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုး တန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## အောက်တိုဘာ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၁၈ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၃၀ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၁၃၄ ဦးရှိ

**(၁၀–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၉–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၂၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၀၄,၀၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၈,၆၅၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၀၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၁,၂၇၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၁၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉–၁၀–၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၉,၉၀၀,၈၂၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၄,၁၁၂,၇၀၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၇၈၈,၁၁၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၉–၁၀–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၁၄,၀၁၃,၅၃၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၀–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၇၁)ခု | (၃၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၃)ခု | (၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၉)ခု | (၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၁)ခု | (၂၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄)ခု | (၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၁၈)ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၇)ခု | (၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၈၆)ခု | (၁,၁၅၂)ဦး |
| **စုစုပေါင်း** | **(၁၅,၂၆၉)ခု** | **(၁,၃၁၈)ဦး** |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၉–၁၀–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၇၈၈,၁၁၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၄,၁၁၂,၇၀၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၉,၉၀၀,၈၂၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၁၄,၀၁၃,၅၃၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၀- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၁၇၉၂၀၉ | ၃၄၆၃၀၆၅၄ | ၇၃၃၀၅၈ |
| ၂။ | အိန္ဒိယ | ၃၃၉၅၃၄၇၅ | ၃၃၂၇၁၉၁၅ | ၄၅၀၆၂၁ |
| ၃။ | ဘရာဇီး | ၂၁၅၆၇၁၈၁ | ၂၀၇၆၀၃၄၈ | ၆၀၀၈၈၀ |
| ၄။ | ဗြိတိန် | ၈၁၂၀၇၁၃ | ၆၆၁၉၆၁၈ | ၁၃၇၆၉၇ |
| ၅။ | ရုရှား | ၇၇၇၅၃၆၅ | ၆၈၅၈၁၁၉ | ၂၁၆၄၁၅ |
| ၆။ | တူရကီ | ၇၄၁၆၁၈၂ | ၆၈၆၇၇၀၄ | ၆၅၉၈၄ |
| ၇။ | ပြင်သစ် | ၇၀၅၂၅၂၀ | ၆၈၃၈၂၈၉ | ၁၁၇၀၄၄ |
| ၈။ | အီရန် | ၅၇၀၂၈၉၀ | ၅၂၁၇၉၉၉ | ၁၂၂၅၉၂ |
| ၉။ | အာဂျင်တီးနား | ၅၂၆၅၅၂၈ | ၅၁၃၁၂၇၉ | ၁၁၅၄၅၈ |
| ၁၀။ | စပိန် | ၄၉၇၃၆၁၉ | ၄၈၀၀၆၉၃ | ၈၆၇၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၀- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၂၇၉၃၂ | ၄၀၆၀၈၅၁ | ၁၄၂၆၅၁ |
| ဖိလစ်ပိုင် | ၂၆၆၆၅၆၂ | ၂၅၃၆၀၁၁ | ၃၉၆၂၄ |
| မလေးရှား | ၂၃၃၂၂၂၁ | ၂၁၈၄၇၁၀ | ၂၇၂၆၅ |
| ထိုင်း | ၁၇၁၀၈၈၄ | ၁၅၈၂၃၁၃ | ၁၇၆၉၁ |
| ဗီယက်နမ် | ၈၃၉၆၆၂ | ၇၈၂၁၉၉ | ၂၀၅၅၅ |
| မြန်မာ | ၄၇၈၆၅၁ | ၄၃၁၂၇၅ | ၁၈၁၃၄ |
| စင်ကာပူ | ၁၂၄၁၅၇ | ၉၈၀၂၈ | ၁၅၃ |
| ကမ္ဘောဒီးယား | ၁၁၄၈၁၀ | ၁၀၇၈၅၇ | ၂၅၀၆ |
| လာအို | ၂၈၅၄၀ | ၂၂၆၀ | ၂၆ |
| ဘရူနိုင်း | ၈၉၈၀ | ၆၆၉၀ | ၆၄ |

# မနေ့အမြန်ထိုးနှံပေး ကာကွယ်ဆေးနှင့် လူငယ်များ၏ပညာရေး

ဒေါက်တာမြတ်မိုး

ယခုလက်ရှိနိုင်ငံတော်၌ ကာကွယ်ဆေးထိုးနှံပေးနေမှုကို နိုင်ငံ့အရေး၊ အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ အကျုံးဝင်သူအားလုံး မည်သူတစ်ဦးတစ်ယောက်မှ မကျန်စေရေး မူပေါ်တွင် အခြေခံထားသည်ဖြစ်၍ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကို လုံးဝလက်လွှတ်မခံသင့်သည့် ကိစ္စရပ်လည်းဖြစ်သည်။ မိမိနှင့်မိမိ၏ ရင်သွေးငယ်ကျောင်းသားများ ဘေးကင်းလုံခြုံစိတ်ချမှုရရှိရန်အတွက် နိုင်ငံတော်၏တာဝန်ယူ တာဝန်ခံမှုအပေါ်တွင် ယုံကြည်စိတ်ချစွာဖြင့် ကျောင်းသားမိဘပြည်သူများ၏ အားလုံးပူးပေါင်းပါဝင်မှုသည် ကိုဗစ်ကပ်ရောဂါကို ကာကွယ်၊ ထိန်းချုပ်ရာတွင်လည်းကောင်း၊ စဉ်ဆက်မပြတ်ပညာရေး ခရီးလမ်းဖြောင့်တန်းစွာဖြင့် လျှောက်လှမ်းရာတွင်လည်းကောင်း လွန်စွာ အရေးကြီးပေသည်။

မကြာမီ နိုင်ငံတစ်ဝန်း ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်တော့မည်။ ကမ္ဘာ့ ကိုဗစ်ကပ်အခြေအနေကလည်း ပျောက်ကွယ်မည့်လမ်းစ မမြင်သေး။ မြန်မာနိုင်ငံတွင် တတိယလှိုင်းဖြစ်ပွားမှုကား ငြိမ်သက်စပြုလာပြီဖြစ်၍ သင်ကြားသင်ယူခွင့် အခွင့်အလမ်းနှင့် ပညာရေးလမ်းကြောင်းကိုတော့ နှောင့်နှေးနေ၍မဖြစ် ဆက်လက်ချီတက်ရမည်သာ။

အခွင့်အလမ်းနှင့်အတူ စိန်ခေါ်မှုများကတော့ ကပ်ပါလာစမြဲပါ။ အဓိကအချက်က ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုပင်ဖြစ်သည်။ မိမိရင်သွေးငယ်များတွင် ကူးစက်နိုင်မှုအန္တရာယ်ရှိနိုင်မည့် အခြေအနေကို ပူပန်ကြမည်မှာ သေချာပါသည်။ ခန့်မှန်းကာလ သီတင်းကျွတ်ပိတ်ရက်အပြီး ကျောင်းပြန်တက်ကြတော့မည့် ကျောင်းသားများအတွက် ကာကွယ်ဆေးအမြန်ထိုးနှံပေးနိုင်ရန် စီမံချက်များကား စနစ်တကျရေးဆွဲပြီးဖြစ်သည်။ စီမံချက်အတိုင်းလည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။

### အားလုံးပါဝင်နိုင်ရေးမူနှင့်အတူ ထိုးနှံမည့်စီမံချက်

စီမံချက်၌ ၂၀၂၁ ခုနှစ် ဇွန်လတွင် ကျောင်းအပ်နှံထားပြီး ကျောင်းတက်မည့် အသက် ၁၂ နှစ်နှင့် ၁၈ နှစ်အောက် ကျောင်းသား၊ ကျောင်းသူအားလုံး အကျုံးဝင်သည်။ ထိုးမည့်ကာကွယ်ဆေးမှာ တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးဖြစ်သည်။ အောက်တိုဘာလ ၁၂ ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးတွင် လေးပတ်ခြား၍ နှစ်ကြိမ် ထိုးနှံသွားရန် စီမံထားသည်။ ယခုစာရေးသည့်အချိန်တွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိနှင့် ပျဉ်းမနားမြို့နယ်တို့တွင် ကနဦးရှေ့ပြေးစမ်းသပ်ထိုးနှံပေးနေပြီဖြစ်သည်။

ဆေးထိုးရန် စုရပ်များလည်း စီစဉ်ပြီးဖြစ်သလို စုရပ်များသို့ ကျောင်းသားများကို ကျောင်းကားများဖြင့် စုစည်းခေါ်ဆောင်ပေးမည်ဟု သိရှိရသကဲ့သို့ ဘုန်းတော်ကြီးပညာသင်ကျောင်းများနှင့် IDP စခန်းများရှိ ကျောင်းများပါမကျန် ထိုးနှံပေးသွားမည်ဟုသိရသည်။ အကောင်အထည်ဖော်ရာတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် အစိုးရအဖွဲ့အစည်းများ၊ ဆရာဝန်များ၊ လူကယ်/ ပြန် ဌာနဆိုင်ရာများပါ ပါဝင်သည်။ စုရပ်တစ်ခုချင်းအလိုက် ထိုးနှံမည့်အရေအတွက်ပေါ် မူတည်၍ ဆရာ ဆရာမ အရေအတွက်နှင့် နည်းပညာပိုင်းဖြင့် စာရင်းရေးသွင်းမှုကို စနစ်တကျ စီစဉ်ထားရှိသည်ဟု သိရှိရပါသည်။

### ဘေးထွက်ဆိုးကျိုးနည်းပြီး အန္တရာယ်ကင်းသည့်အားသာချက်များ

Sinovac ဟုခေါ်သည့် ကာကွယ်ဆေးကို လေ့လာကြည့်ရာ ဘေကျင်းအခြေစိုက် Sinovac ဆေးဝါးကုမ္ပဏီထုတ်ဖြစ်ပြီး တရုတ်နိုင်ငံတွင်လည်း အသက်သုံးနှစ်မှ ၁၈ နှစ်အထိ ထိုးနှံပေးရန် အရေးပေါ်အသုံးပြုခွင့်ရရှိရန် WHO က ခွင့်ပြုပေးပြီးသားဖြစ်သည်။ သေဆုံးပြီးသား ကိုရိုနာဗိုင်းရပ်စ် အပိုင်းအစအမှုန်အမွှားများဖြစ်၍ ကာကွယ်ဆေးထိုးပြီးက လူ့ခန္ဓာထဲတွင် ကိုယ်ခံအားကို ထုတ်လုပ်ပြီး ရရှိလာသည့် ကိုယ်ခံအားစနစ်ကြောင့် မိမိထံဝင်လာသည့် ဗိုင်းရပ်စ်၏ တိုက်ခိုက်မှုကို ခံနိုင်ရည်ရှိအောင် ထုတ်လုပ်ထားသည့် စနစ်ဖြစ်၍ စိတ်ချရပါသည်။ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အန္တရာယ်ကင်းသည်ဟုဆိုပါသည်။

Sinovac သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် သိုလှောင်ထိန်းသိမ်းရမည့် နိမ့်သော အပူချိန်တွင် အအေးခာတ်လိုအပ်ချက်နည်းပါးသည့်အတွက် အခြားသော Astrazeneca ကာကွယ်ဆေးနည်းတူ အသုံးဝင်သည်။ စမ်းသပ်ခဲ့သည့် ရလဒ်များအရ အစွမ်းထက်သည့် ကာကွယ်ဆေးတစ်မျိုးဟုလည်း ဆိုပါသည်။ အင်ဒိုနီးရှား၊ တူရကီ၊ ချီလီ၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် အာဖရိကနိုင်ငံများတွင် ထိုးနှံပေးနေပြီဖြစ်သည်။ စမ်းသပ်ချက်များအရ အနည်းငယ်မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခေါင်းမူးခြင်း ရှိနိုင်ပြီး အခြားသောကာကွယ်ဆေးများနည်းတူ ဆေးထိုးသည့်နေရာတွင် အနည်းငယ် နာကျင်မှု၊ အရေပြားယားယံ၍ အင်ပြင်ထွက်ခြင်းစသည့် ဘေးထွက်ဆိုးကျိုး အနည်းငယ် ရှိနိုင်ပါသည်။

ဘရာဇီးနိုင်ငံမှ စမ်းသပ်ချက်အရ ပြင်းထန်သည့် ဆိုးကျိုးများ မတွေ့ရှိရဘဲ အပြုသဘောဆောင်သည့်ရလဒ်များသာ တွေ့ရှိရသည်ဟု ဆိုသည်။ ပြင်းထန်သော ကိုဗစ် ရောဂါဖြစ်မှုနှင့် ဆေးရုံတက်ရောက်ရမှုကို ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ဟု သိရှိရပါသည်။ WHO က အသိအမှတ်ပြုထားသည့် မည်သည့်ကာကွယ်ဆေးမျှ ရာနှုန်းပြည့် ကာကွယ်ပေးနိုင်သည်တော့မဟုတ်ပါ။ သို့သော် ဘာဆေးပဲရရ ရောဂါ အပြင်းအထန်ခံစားရမှု၊ ဆေးရုံတက်ရောက်ကုသခံရမှု၊ အသက်သေဆုံးမှုကိုတော့ အထိုက်အလျောက် ကာကွယ်နိုင်သည်သာ ဖြစ်သည်။

> **"ကာကွယ်ဆေး၏အချက်အလက်အချို့က မိဘများ၏စိုးရိမ်မှုကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်မည် ထင်ပါသည်။ မထိုးမနေရတော့မဟုတ်၊ မိမိ၏ရွေးချယ်ခွင့်၊ ကျောင်းအုပ်နှင့် မိဘ လက်ဆင့်ကမ်း သဘောတူညီချက်လက်မှတ်ဖြင့်သာ ထိုးနှံရန်ဖြစ်ပါသည်ဟု ဆိုထားသည်။ သို့သော် ကိုဗစ်ကြားက ကျောင်းသား/ ကျောင်းသူများ၏ ပညာရေးအစီအစဉ်သည် ရေတိုမဟုတ်၊ ရေရှည်အစီအစဉ်ဖြစ်၍ မိမိရင်သွေး၏ ကျန်းမာရေးအတွက် အားသာချက်ဖြစ်နိုင်မည့်အချက်များကိုမူ မိဘများအနေဖြင့် လျစ်လျူမရှုမိစေရန် အကြံပြုလိုပါသည်။ ကျောင်းသား/ ကျောင်းသူများအားလုံး ကာကွယ်ဆေးထိုးနှံနိုင်မှသာ ကျောင်းတက်နေသည့် အတန်းဖော် ကျောင်းသား/ ကျောင်းသူအားလုံးလည်း ဘေးကင်းလုံခြုံစိတ်ချရမည်ဖြစ်သည်"**

### စိုးရိမ်ပူပန်မှုကိုလျှော့ပါးစေချင်

ကာကွယ်ဆေး၏ အချက်အလက်အချို့က မိဘများ၏ စိုးရိမ်မှုကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်မည်ထင်ပါသည်။ မထိုးမနေရတော့မဟုတ်၊ မိမိ၏ရွေးချယ်ခွင့်၊ ကျောင်းအုပ်နှင့် မိဘ လက်ဆင့်ကမ်း သဘောတူညီချက် လက်မှတ်ဖြင့်သာ ထိုးနှံရန် ဖြစ်ပါသည်ဟု ဆိုထားသည်။ သို့သော် ကိုဗစ်ကြားက ကျောင်းသား/ ကျောင်းသူများ၏ ပညာရေးအစီအစဉ်သည် ရေတိုမဟုတ်၊ ရေရှည်အစီအစဉ်ဖြစ်၍ မိမိရင်သွေး၏ ကျန်းမာရေးအတွက် အားသာချက်ဖြစ်နိုင်မည့်အချက်များကိုမူ မိဘများအနေဖြင့် လျစ်လျူမရှုမိစေရန် အကြံပြုလိုပါသည်။ ကျောင်းသား/ကျောင်းသူများအားလုံး ကာကွယ်ဆေးထိုးနှံနိုင်မှသာ ကျောင်းတက်နေသည့် အတန်းဖော် ကျောင်းသား/ ကျောင်းသူအားလုံးလည်း ဘေးကင်းလုံခြုံစိတ်ချရမည်ဖြစ်သည်။

အချက်အလက်များအရလည်း ဆရာ/ဆရာမ အားလုံး၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်သည် ကာကွယ်ဆေးများ ထိုးနှံထားပြီးဖြစ်သည်ဟု သိရှိရသည်။ သို့မှသာ အားလုံးလွှမ်းခြုံသော ဘေးကင်းလုံခြုံသည့် ပညာသင်ယူခွင့် အခွင့်အလမ်းဟူသည့် ရည်ရွယ်ချက်တစ်ခု ပြည့်မြောက်နိုင်မည်ဖြစ်သည်။ အသက် ၁၂ နှစ်အထက် ကျောင်းသားလူငယ်များသည် ကာကွယ်ဆေးထိုးနှံရေးစီမံချက်အရ ဦးတည်အုပ်စု ၂၄ ခုတွင် ပါဝင်ပြီးဖြစ်ရာ ထိုးနှံပြီးစီးမှု ရည်မှန်းကာကွယ်ဆေးအကြိမ်ရေရာခိုင်နှုန်းနှင့် အကြိမ်ပြည့် ထိုးနှံပြီးသူ ရာခိုင်နှုန်း လွှမ်းခြုံမှုသည် အပြည့်အဝရောက်ရှိနေမည့် အနေအထားတစ်ခုသို့ ပိုမိုနီးစပ်သွားမည်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

### တစ်ဦးချင်းစီ၏ပါဝင်မှုနှင့်အတူ အပြန်အလှန် ကူညီစောင့်ရှောက်ရာရောက်

ကိုဗစ်–၁၉ အထူးသဖြင့် ဒယ်လ်တာမျိုးကွဲကို ကာကွယ်၊ထိန်းချုပ်နိုင်ရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်းသည်သာ အထိရောက်ဆုံးဖြစ်ပြီး အလွန်အရေးပါသော လက်နက်တစ်ခုဖြစ်သည် ဆိုသောအချက်သည် ယခုအချိန်အထိ အားလုံးနီးပါးက လက်ခံထားသော အချက်ဖြစ်သည်။ ကျောင်းသားလူငယ်များအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် မိမိ၏ မိဘ အတူနေ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးများကို ကိုဗစ်ရောဂါဘေးမှ ကာကွယ်စောင့်ရှောက်ပေးပြီးသား ဖြစ်သွားသည်။

ထို့မှတစ်ဆင့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှု၊ ဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလည်း လျော့ကျသွားစေမည်ဖြစ်သည်။ ကိုဗစ်ကပ်ကြီးကို ကာကွယ်ဟန့်တားရာတွင် မိမိတစ်ဦးချင်းစီ၏ ပါဝင်မှုသည် မည်မျှအရေးပါသည်ကို တွေ့ရပါလိမ့်မည်ဟု ညွှန်ပြချင်ပါသည်။ ထို့ကြောင့်လည်း မိဘများအနေဖြင့် မိမိတို့၏ ကျောင်းနေအရွယ်ရင်သွေးငယ်များကို အပြည့်အဝ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး အာရုံစိုက်ကြရန်နှင့် ပူးပေါင်းပါဝင်ရေး အလွန်အရေးကြီးသည်ဟု ဆိုချင်ပါသည်။

### ကလေးများတွင်လည်း လူကြီးများကဲ့သို့ပင် ကူးစက်နိုင်သည်သာ...

အချက်အလက်များအရတော့ လူကြီးများနှင့် နှိုင်းယှဉ်လျှင် ကလေးများတွင် ကိုဗစ်ကူးစက်ပြန့်ပွားမှု နည်းပါးသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကိုဗစ်သည် ကလေးသူငယ်များ အပါအဝင် အသက်အရွယ်မရွေး ကူးစက်နိုင်သည်သာဖြစ်သည်။ ကူးစက်မှုပမာဏ များလာသည်နှင့်အမျှ ကလေးများထံ ကူးစက်မှုနှုန်းလည်း လိုက်ပါမြင့်တက်လာမည်ပင်ဖြစ်သည်။ အသက်အရွယ်ကြီးသူများနှင့် အဓိကအန္တရာယ်ရှိ ထိခိုက်လွယ်သောသူများကိုသာ ပိုးစစ်ဆေးနိုင်ပြီး အတိုင်းအတာတစ်ခုအထိ ကျယ်ပြန့်သော ပိုးစစ်ဆေးမှုမပြုလုပ်နိုင်ခြင်းကြောင့် ကလေးငယ်များတွင် ကူးစက်နေမှုအခြေအနေကို အသေးစိတ်မသိနိုင်ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ကလေးငယ်များတွင် ကိုဗစ်လက္ခဏာမပြသခြင်း၊ လက္ခဏာပြသလျှင်လည်း ပြင်းထန်ဆိုးရွားမှုမရှိခြင်း၊ ထို့ကြောင့်လည်း ဆေးရုံတက်ရောက်ကုသခံရမှုနည်းပါးခြင်း စသည့်အခြေအနေများကြောင့် လူကြီးများနှင့်နှိုင်းယှဉ်လျှင် ကူးစက်ပြန့်ပွားမှု နည်းပါးနေသည်ဟု ဆိုနိုင်ပါသလား။ အချက်အလက်များအရတော့ လူကြီးတွေထံတွင် တွေ့ရှိရသောအချက်များအတိုင်း ကလေးများ၏ နှာခေါင်းနှင့် အာခေါင်တွင်လည်း ကူးစက်နိုင်ခြေရှိသော ကိုဗစ်ဗိုင်းရပ်စ်ပိုးပမာဏ တွေ့ရှိနေရခြင်းပင်ဖြစ်သည်။ ပိုးရှိနေသော ကလေးမှတစ်ဆင့်လည်း အခြားသူများထံ ကူးစက်နိုင်ခြေရှိနေသည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။

အမေရိကန် CDC မှရရှိသောအချက်အလက်များအရလည်း ကိုဗစ်ကြောင့် ဆေးရုံတက်ရသော ကလေးသုံးယောက်တွင် တစ်ယောက်နှုန်း ICU အထူးကြပ်မတ်ကုသဆောင်သို့ ပြောင်းရွှေ့ကုသရမှုနှုန်းသည် လူကြီးများတွင် တွေ့ရှိကုသရသည့် နှုန်းထားအတိုင်းပင်ဖြစ်သည်ဟု ဆိုထားရာ ကျောင်းသား/ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းသည် လူကြီးများကဲ့သို့ပင် အထူးလိုအပ်သည်ဆိုသည်ကို ပြသနေခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် ကလေးများတွင် လူကြီးများကဲ့သို့ပင် အလွယ်တကူပိုးကူးစက်ခံရနိုင်ခြင်း၊ ရောဂါပြင်းထန်နိုင်ခြင်း ရှိ မရှိ စသည့် အချက်များအပေါ်တွင် လွှမ်းမိုးသောအကြောင်းအချက်များလည်း ရှိနေပါသေးသည်။ မျိုးရိုးလိုက်ရောဂါများ၊ အာရုံကြောရောဂါများ၊ ဇီဝဖြစ်ပျက်မှုဖြစ်စဉ်၊

*စာမျက်နှာ ၁၇ သို့*

❏ *ကျော်ဖုံးမှ*

ဆီဆိုင်တွေကို ပုံမှန်ဈေးအတိုင်း ရောင်းချပေးဖို့ နှိုးဆော်တယ်ကြားတယ်။ ကျွန်တော် အငှားယာဉ်မောင်းလုပ်တာ ဆယ်စုနှစ်ကျော်ခဲ့ပြီး။ တစ်ခါမှ အခုလောက်ထိ မရုန်းကန်ခဲ့ရဖူးဘူး။ ပြီးခဲ့တဲ့လပိုင်းတွေကဆို ဆီဈေးတွေက အတော်ကို မြင့်တက်သွားတော့ ကားတောင်ရပ်နားထားလိုက်ရတယ်။ မြန်မာနိုင်ငံစီးပွားရေးဈေးကွက်ကလည်း အတက်ဆိုရင် လေယာဉ်ပျံအရှိန်းပေးရတယ်။ မြန်လိုက်တာမပြောနဲ့၊ ပြန်လည်ကျမယ်ဆိုရင်တော့ လိပ်ထက်တောင် နှေးကွေးနေသေးတယ်။ ဒါတွေက မြန်မာနိုင်ငံမှာ ပုံမှန်အတိုင်းဖြစ်နေပါပြီ”ဟု ရန်ကုန်မြို့တွင်း အငှားယာဉ်မောင်းတစ်ဦးဖြစ်သည့် ကိုမြင့်ကျော်က စက်သုံးဆီဈေး အတက်/ အကျနှင့် ပတ်သက်၍ သူ့အမြင်ကို ပြောသည်။

**ဈေးနှုန်းချရောင်း**

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း၌ ပြည်သူများသက်သာသော ဈေးနှုန်းဖြင့် စက်သုံးဆီရယူသုံးစွဲနိုင်ရေး နိုင်ငံတစ်ဝန်း စက်သုံးဆီ အရောင်းဆိုင် ၂၁၃ ဆိုင်နှင့် ညှိနှိုင်းကာ အထူးဆိုင်များဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့အတွင်းရှိ အဆိုပါ သတ်မှတ်ဆိုင်များတွင် ကားများ တန်းစီဝယ်ယူမှုများရှိသဖြင့် တချို့ဆိုင်များမှာ လတ်တလော ပေါက်ဈေးထက် ဈေးနှုန်းချ ရောင်းရသဖြင့် သတ်မှတ်လီတာထက် အနည်းငယ် လျော့နည်းရောင်းချမှုများလည်း ရှိနေကြောင်း ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

**သက်သာသော ဈေးနှုန်း**

ယင်းအထူးဆိုင်များကို ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်းစက်သုံးဆီအရောင်းဆိုင်များ၌ စက်တင်ဘာ ၂၂ ရက်မှ စတင်ခဲ့ရာ Ron 92 တစ်လီတာကို ငွေကျပ် ၁၁၂၂ ဖြင့် လည်းကောင်း၊ ရိုးရိုးဒီဇယ်တစ်လီတာကို ငွေကျပ် ၁၁၁၇ ဖြင့် လည်းကောင်း၊ ပရီမီယမ်တစ်လီတာကို ငွေကျပ် ၁၁၂၄ ဖြင့် လည်းကောင်း အသီးသီး သတ်မှတ်ဈေးနှုန်းများအတိုင်း ပြည်သူများအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချခဲ့ကြသည်။ သို့သော် ယင်းအထူးဆိုင်များမှာ သတ်မှတ်ခွဲတမ်း ကုန်လွန်သဖြင့် ယခုအခါ မူလအတိုင်း ပုံမှန်ပြန်လည် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အနည်းငယ်ကျဆင်း**

ရန်ကုန်မြို့တွင်း ယနေ့စက်သုံးဆီ အရောင်းဈေးနှုန်းများမှာ အောက်တိန်း ၉၂ တစ်လီတာကို ငွေကျပ် ၁၄၅၅၊ အောက်တိန်း ၉၅ တစ်လီတာကို ငွေကျပ် ၁၄၉၀၊ ရိုးရိုးဒီဇယ်မှာ တစ်လီတာကို ငွေကျပ် ၁၄၇၀ ဖြစ်ပြီး ပရီမီယမ်ဒီဇယ်တစ်လီတာမှာ ငွေကျပ် ၁၄၇၅ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ စက်သုံးဆီ အရောင်းဆိုင်များအပေါ် မူတည်၍ ဈေးအနည်းငယ်ကွာခြားမှုရှိနိုင်သော်လည်း ယခင်လ စက်သုံးဆီဈေးနှုန်းများထက် ဆိုင်တိုင်းတွင် အနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်၊ ဓာတ်ပုံ– မိုးမခ**



ရန်ကုန်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

❊ *ကျော်ဖုံးမှ*

၃၀၀၀၀နှင့် ဆေးထိုးအပ် ၁၀၀၀၀၀၊ ပြည်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၃၆၀၀၀ နှင့် ဆေးထိုးအပ် ၁၀၀၀၀၀တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် လည်းကောင်း ဆက်လက်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဖြူးပေးသော ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းအတွက် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း အချိန်နှင့်တစ်ပြေးညီဖြန့်ဖြူးပေးခြင်းဖြစ်သည်။ အလားတူ ဝေးလံခက်ခဲသော ဒေသများသို့ တပ်မတော်(လေ)ရှိ ပို့ဆောင်ရေးလေယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❂ *ကျော်ဖုံးမှ*

၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ထိုးသတ်ခဲ့ပြီး သရေကျခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ထိုးသတ်ခဲ့ကြပြီး ဖျူရီက ခုနစ်ချီမြောက်တွင် ဝီလ်ဒါကို အလဲထိုးဖြင့် အနိုင်ယူထားသည်။

ထို့ကြောင့် ဖျူရီနှင့် ဝီလ်ဒါတို့၏ယခုအကြိမ် တတိယမြောက် ထိုးသတ်ပွဲက အကြိတ်အနယ်ရှိခဲ့ပြီး ကြိုးဝိုင်းအတွင်းမှာ နှစ်ဦးစလုံးလဲကျခဲ့သည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ တတိယအချီတွင် ဝီလ်ဒါလဲကျခဲ့သလို စတုတ္ထအချီတွင် ဝီလ်ဒါ၏ အားပါပြင်းထန်သည့် ညာလက်သီးချက်ကြောင့် ဖျူရီနှစ်ကြိမ်တိုင်တိုင် လဲကျခဲ့ကာ အမှတ်စဉ် ရေတွက်ခံခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်းအချီများတွင် ဖျူရီက ပွဲကို အကောင်းဆုံးထိန်းချုပ်သွားနိုင်ခဲ့ပြီး ဝီလ်ဒါကို ဖိအားပေးထိုးသတ်နိုင်ခဲ့သည်။ ၁၁ ချီမြောက်တွင် ဖိအားပေးထိုးသတ်နိုင်ခဲ့သည့် ဖျူရီက ဝီလ်ဒါကို အလဲထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဝီလ်ဒါသည် ယခုအကြိမ်တွေ့ဆုံသည့် တတိယအကြိမ်မြောက်တွင် ပြိုင်ဘက်ဖျူရီကို အနိုင်ယူထိုးသတ်နိုင်ခြင်း မရှိဘဲ ရှုံးပွဲနှင့် ထပ်မံကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် ဖျူရီသည် ဝီလ်ဒါကို အလဲထိုးအနိုင်ယူခဲ့သောကြောင့် ၎င်း၏ ကစားသမားဘဝ ၃၂ ပွဲမြောက် အလဲထိုးနိုင်သည့် မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သလို ထိုးသတ်ခဲ့သည့် ၃၂ ပွဲတွင် ၃၁ ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးပွဲမရှိ မှတ်တမ်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခဲ့သည်။ **အောင်ဇော်**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် အောက်တိုဘာ ၁၀ – နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

**မွေးရာပါနှလုံးရောဂါ၊ အဝလွန်မှု၊ ဆီးချို၊ ပန်းနာရင်ကျပ်၊ Sickle cell ရောဂါဟုခေါ်သည့် တံစဉ်ပုံသွေးနီဥ ကလာပ်စည်းဆိုင်ရာ သွေးအားနည်းရောဂါများနှင့် ကိုယ်ခံအားကျဆင်းနေသော ကလေးများသည် အခြားသောကလေးများထက် ကိုဗစ်ပိုးကူးစက်လွယ်ပြီး ပိုပြီးပြင်းထန်သည့် အခြေအနေမျိုး ရှိနိုင်သောကြောင့် ကာကွယ်ဆေးကို ထိုးသင့်ပါကြောင်း အကြံပြုလိုပါသည်။**

**နိုင်ငံအချို့၏ ပညာရေးခရီးနှင့် ကာကွယ်ဆေးထိုးအစီအမံ**

ထို့ပြင် စာသင်ခန်းတွင်းရှိ ကျောင်းသားများအနေဖြင့်လည်း ခပ်ခွာခွာနေရန် စည်းကမ်းကအစ စည်းကမ်းများ သတ်မှတ်ထားသည်ဆိုဦးတော့။ အချိန်ကြာ သင်ကြားသင်ယူရသည့် အခြေအနေမျိုးတွင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန် ခက်ခဲနိုင်ပါသည်။ ခြောက်ပေအတွင်းမှာ ၁၅ မိနစ်ခန့်ကြာအောင် စကားမပြောမိရန် ထိန်းသိမ်းရသည်မှာ ကလေးများ၏ သဘောသဘာဝအရ မလွယ်ကူဘဲ တစ်ချိန်မဟုတ်တစ်ချိန် ထိတွေ့နိုင်ပါသည်။ အထက်ပါအချက်များသည် မိဘများအနေဖြင့်ရော၊ ကလေးများပါ စိုးရိမ်မှုပိုကြီးမားရန် တင်ပြနေခြင်းမဟုတ်ပါ။ ကလေးများအတွက် ကာကွယ်ဆေးကို ပို၍ အာရုံစိုက်မိစေရန် စေတနာဖြင့်အကြံပြုလိုရင်းသာဖြစ်ပါသည်။

**“ကလေးများတွင် လူကြီးများကဲ့သို့ပင် အလွယ်တကူ ပိုးကူးစက်ခံရနိုင်ခြင်း၊ ရောဂါပြင်းထန်နိုင်ခြင်း ရှိ မရှိ စသည့် အချက်များအပေါ်တွင် လွှမ်းမိုးသော အကြောင်းအချက်များလည်း ရှိနေပါသေးသည်။ မျိုးရိုးလိုက်ရောဂါများ၊ အာရုံကြောရောဂါများ၊ ဇီဝဖြစ်ပျက်မှုဖြစ်စဉ်၊ မွေးရာပါနှလုံးရောဂါ၊ အဝလွန်မှု၊ ဆီးချို၊ ပန်းနာရင်ကျပ်၊ Sickle cell ရောဂါဟုခေါ်သည့် တံစဉ်ပုံသွေးနီဥ ကလာပ်စည်းဆိုင်ရာ သွေးအားနည်းရောဂါများနှင့် ကိုယ်ခံအားကျဆင်းနေသောကလေးများသည် အခြားသောကလေးများထက် ကိုဗစ်ပိုးကူးစက်လွယ်ပြီး ပိုပြီးပြင်းထန်သည့်အခြေအနေမျိုး ရှိနိုင်သောကြောင့် ကာကွယ်ဆေးကို ထိုးသင့်ပါကြောင်း အကြံပြုလိုပါသည်”**

ကိုဗစ်အန္တရာယ်လျော့ပါးသည်နှင့် ကျောင်းများ ပြန်ဖွင့်ပြီး ပညာရေးခရီးနှင်ကြသည်မှာ မိမိတို့တစ်နိုင်ငံတည်းမဟုတ်။ နိုင်ငံအချို့တွင် ကျောင်းတက်မည့် အထူးသဖြင့် အသက် ၁၂ နှစ်မှ ၁၇ နှစ်အကြား ကလေးများအတွက် ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး စီမံစိုင်းပြင်းနေကြသည်ကို တွေ့ရပါသည်။ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျောင်းသားများအား ကာကွယ်ဆေးထိုးနှံပေးသည့်သတင်းများ အဆက်မပြတ် ကြားသိနေရသည်။

ထိုနိုင်ငံများ၌ စင်ကာပူနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများတွင် ကိုဗစ်ဖြစ်ပွားမှု အများဆုံးဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့်တော့ အဆင့် ၆ တွင် ရပ်တည်နေပါသည်။

အသက် ၁၂ နှစ်အထက် ကျောင်းတက်မည့် ကျောင်းသားလူငယ်များအား ကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်းသည် ကျန်းမာရေးကဏ္ဍအတွက်ရော ပညာရေးကဏ္ဍအတွက်ပါ အောင်မြင်မှုတစ်ခုဖြစ်ပါသည်။ ကိုဗစ်တတိယလှိုင်းကြောင့် ပညာရေးခရီး ခဏတာ ရပ်နားရသည့်အခါ မိဘများရော၊ ကျောင်းသား၊ ဆရာများပါ စိတ်ခံစားမှုများဖြစ်ရသည်။ မိဘများက ကျောင်းပြန်ဖွင့်ဖို့မျှော်ကြသည်၊ ကလေးများက ကျောင်းပြန်တက်ပြီး စာသင်ချင်ကြသည်။ သူငယ်ချင်းများနှင့် ပြန်တွေ့ချင်ကြမည်။ မိဘ၊ ကျောင်းသား၊ ဆရာများ၏ စိတ်ချမ်းသာမှုခံစားချက်က တစ်ထပ်တည်းဖြစ်သည်။ စိမ်းလန်းစိုပြည်မှုတို့နှင့် ကျောင်းပရိဝုဏ်အတွင်း ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ဖြင့် သင်ကြားသင်ယူနေကြသော ကျောင်းသား/ ကျောင်းသူလေးများနှင့် ဆရာ/ ဆရာမများ၏ ပုံရိပ်များကိုကြည်နူးဖွယ်ရာ မကြာမီ တွေ့မြင်ကြရပေတော့မည်...။

ကလေးများ၏ အနာဂတ်ဟာ စာသင်ခန်းများပင် မဟုတ်ပါလား...။

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၅၈,၇၁၈.၈၀၉ | | | | | | ၄,၄၄၂.၃၈၅ | | | ၄၆၃,၁၆၁.၁၉၄ |
| ၂ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃,၉၉၇.၀၀၀ | | | | | | | | | ၃,၉၉၇.၀၀၀ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၈၁,၀၇၅.၂၈၇ | | | | ၁၀,၂၄၅.၅၉၇ | | ၅၇၃,၄၀၆.၈၀၂ | | | ၆၆၄,၇၂၇.၆၈၆ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၁၉၇,၇၅၉.၀၁၃ | | | | | | | | | ၁၉၇,၇၅၉.၀၁၃ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | | | ၃,၄၀၀,၆၂၁.၇၃၂ | | | | ၉,၀၈၁.၆၀၀ | | ၈၈,၄၃၄.၆၄၇ | ၉,၇၅၄.၆၈၂ | | ၃,၅၀၇,၈၉၂.၆၆၁ |
| ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၇,၆၀၆.၆၇၆ | | | | | | ၁,၅၂၀.၀၀၀ | | | ၃၉,၁၂၆.၆၇၆ |
| | ပေါင်း | | | | ၄,၁၇၉,၇၇၈.၅၁၇ | | | | ၁၉,၃၂၇.၁၉၇ | | ၆၆၇,၈၀၃.၈၃၄ | ၉,၇၅၄.၆၈၂ | | ၄,၈၇၆,၆၆၄.၂၃၀ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၂၂,၁၂၄.၉၀၆ | | | ၁၃,၇၁၇.၂၄၂ | ၄,၆၂၇.၃၀၀ | | | | ၄၄၀,၄၆၉.၄၄၈ |
| ၂ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃,၈၅၁.၆၉၂ | | | ၇.၈၇၅ | | | | | ၃,၈၅၉.၅၆၇ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၈၃,၆၁၆.၄၈၈ | | | ၆၄၈,၆၄၂.၂၆၅ | | ၇၀,၀၅၇.၃၄၃ | | | ၈၀၂,၃၁၆.၀၉၆ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၀၂,၄၁၉.၅၇၀ | | | ၅၂၈.၃၃၈ | | | | | ၂၀၂,၉၄၇.၉၀၈ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၃,၃၄၀,၉၃၉.၈၄၇ | | | ၁၇၆,၀၄၁.၃၄၃ | | ၁၄၁,၉၂၅.၄၉၂ | | | ၃,၆၅၈,၉၀၆.၆၈၂ |
| ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆၆,၄၂၇.၁၉၂ | | | ၃၅,၆၂၀.၉၇၇ | | ၇၃,၄၆၄.၀၄၅ | | | ၁၇၅,၅၁၂.၂၁၄ |
| | ပေါင်း | | ၄,၁၁၉,၃၇၉.၆၉၅ | | | ၈၇၄,၅၅၈.၀၄၀ | ၄,၆၂၇.၃၀၀ | ၂၈၅,၄၄၆.၈၈၀ | | | ၅,၂၈၄,၀၁၁.၉၁၅ |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၂၇,၀၇၆.၁၃၉ | | | | | | ၄၅၆.၀၀၀ | | | ၁၂၇,၅၃၂.၁၃၉ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၇၁၆,၁၁၉.၆၉၀ | | | | | | ၁၂,၄၃၈.၅၀၈ | | | ၇၂၈,၅၅၈.၁၉၈ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၂၉၃,၂၆၆.၅၀၀ | | | | | | ၂၇,၇၀၂.၁၇၇ | | | ၃၂၀,၉၆၈.၆၇၇ |
| | ပေါင်း | | | | ၁,၁၃၆,၄၆၂.၃၂၉ | | | | | | ၄၀,၅၉၆.၆၈၅ | | | ၁,၁၇၇,၀၅၉.၀၁၄ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁၃,၇၆၂.၃၈၁ | | | ၁၄,၄၆၈.၈၉၄ | | ၆,၄၄၅.၅၉၉ | | | ၁၃၄,၆၇၆.၈၇၄ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၆၉၂,၀၁၄.၂၇၆ | | | ၂၇,၇၈၇.၉၈၇ | | ၆၈၈.၁၉၃ | | | ၇၂၀,၅၁၀.၄၅၆ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၈၃,၅၅၆.၂၈၀ | | | ၃၅,၀၈၉.၁၇၄ | | ၄၃၄.၈၂၀ | | | ၃၁၉,၀၈၀.၂၇၄ |
| | ပေါင်း | | ၁,၀၈၉,၃၃၂.၉၃၇ | | | ၇၇,၃၄၆.၀၅၅ | | ၇,၅၆၈.၆၁၂ | | | ၁,၁၇၄,၂၆၇.၆၀၄ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄,၀၈၈ | | ၇၂၄.၀၄၉ | | | | | | | | | ၇၂၈.၁၃၇ |
| | ပေါင်း | | ၄,၀၈၈ | | ၇၂၄.၀၄၉ | | | | | | | | | ၇၂၈.၁၃၇ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၂၄.၈၄၀ | | | | | | | | ၇၂၄.၈၄၀ |
| | ပေါင်း | | ၇၂၄.၈၄၀ | | | | | | | | ၇၂၄.၈၄၀ |

(ဆက်လက်ဖော်ပြပါမည်)

# ပန်းကလေးများ ကိုဗစ်ဆေးထိုးကြမည်

ပေါက်ပေါက်

**ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံကိုပါ ကူးစက်မှု များပြားလာသည့်အတွက် မြန်မာနိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသော အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပါအဝင်)ကို ဇူလိုင်လ ၉ ရက်နေ့မှစတင်၍ ယာယီပိတ်ထားခဲ့ရသည်။ ယခုအခါ ရောဂါပိုးကူးစက်ပြန့်ပွားနှုန်းသည် ယခင်ကလောက် မပြင်းထန်တော့ဘဲ နေ့စဉ်ကူးစက်မှုနှုန်း ရှစ်ရာခိုင်နှုန်းနှင့် ခုနစ်ရာခိုင်နှုန်းကြား ကျဆင်းလာသည့်အတွက် ကျောင်းသား ကျောင်းသူများ စာသင်နှစ်တစ်နှစ် မဆုံးရှုံးစေရန်နှင့် နစ်နာမှုမရှိစေရေး အမြန်ဆုံး ကျောင်းပြန်လည်တက်ရောက်နိုင်ရန် အောက်တိုဘာလ ကျောင်းပိတ်ရက်ရှည်ကာလအလွန်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်လျက်ရှိသည်။ လူငယ်လူရွယ်များ အနာဂတ်မပျောက်အောင် ကျောင်းများပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးသည် အရေးကြီးသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်း ကျဆင်းမှုအပေါ်မူတည်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စက်တင်ဘာလတတိယပတ်မှစ၍ နိုင်ငံတော်က ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။**

## ပန်းကလေးများ ကိုဗစ်ဆေးထိုးကြမည်

"ပန်းကလေးများပွင့်တော့မည် ဖူးတံဝင့်လို့ချီ နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း" ဆိုသည့်အတိုင်း အခြေခံပညာကျောင်းများ မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကလေးများအား ကျန်းကျန်းမာမာဖြင့် စာပေသင်ကြားနိုင်ရန်ရည်ရွယ်၍ ကိုဗစ်ကာကွယ်ဆေး ထိုးနှံမည့် အစီအစဉ်ကို ဦးစားပေး ထည့်သွင်းထားပါသည်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ အလယ်တန်း၊ အထက်တန်း အသက် ၁၂ နှစ်နှင့် အထက်ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ကူးစက်မြန် ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပန်းကလေးများ ကိုဗစ်ဆေးထိုးနှံမည့် အစီအစဉ်အတွက် (က) နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား စာရင်းရေးသွင်းရာတွင် အခက်အခဲနှင့် မှားယွင်းမှု မရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန်၊ (ခ) ဆေးထိုးနှံပေးရာတွင် လိုက်နာရမည့်အချက်များအား မိဘများပါ သိရှိစေရန်အတွက် ကြိုတင်လှုံ့ဆော်ခြင်းနှင့် ဆေးထိုးသည့်နေရာများတွင် အသိပေးချက်များ ဖော်ပြခြင်းတို့ကို လုပ်ဆောင်ရန်၊ (ဂ)ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပေါင်းစပ်ပြီး စနစ်တကျ ဖွဲ့စည်းတည်ဆောက်ရန်၊ (ဃ) ကာကွယ်ဆေးထိုးစင်တာများကို မြို့နယ်များအလိုက် ခွဲခြား၍ ကျောင်းသားကျောင်းသူများနှင့် မိဘများ အလွယ်တကူလာရောက်နိုင်သည့် ဆုံချက်ဗဟိုနေရာများတွင် ရွေးချယ်ဆောင်ရွက်သွားရန်၊ (င) ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကျောင်းသား ကျောင်းသူများ၏ ရှိရင်းအင်အား၊ ကျောင်းအပ်နှံသည့်အင်အား၊ ကျောင်းတက်ရောက်ခဲ့သည့် စာရင်းဇယားအပါအဝင် ဆေးထိုးနှံပြီးစီးမှု၊ ကာကွယ်ဆေးလက်ကျန်နှင့် ဆက်လက်ထိုးနှံမှုအစီအစဉ် စသည်တို့ကိုကြည့်ရှုသုံးသပ်၍ ဆေးအလေအလွင့် မရှိစေရန် စီမံ၍ ကာကွယ်ဆေးထိုးနှံခြင်းကို ပြီးစီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် ဆွေးနွေးကြကြောင်း သိရသည်။

## ကလေးနှင့် ကိုဗစ်အန္တရာယ်

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC)၏ ထုတ်ပြန်ချက်အရ ကလေးနှင့် ဆယ်ကျော်သက်များတွင်လည်း ကိုဗစ်ရောဂါကူးစက်နိုင်ကြောင်း၊ ကလေးများတွင် Biological Factor (ခေါ်)သဘာဝဇီဝဖြစ်စဉ် ကိုယ်ခံအားစနစ်က ကောင်းစွာဖွံ့ဖြိုးပြီး ရောဂါပိုးကို တိုက်ထုတ်နိုင်စွမ်းရှိသဖြင့် ကလေးများသည် လူကြီးများလောက် ရောဂါလက္ခဏာ ပြင်းထန်စွာမခံစားရနိုင်ကြောင်း၊ သို့သော် ကလေးများတွင် ရောဂါဖြစ်ပွားပြီးနောက် နောက်ဆက်တွဲရောဂါဝေဒနာများ ခံစားရတတ်ပြီး အထူးသဖြင့် ခန္ဓာကိုယ်ရှိအင်္ဂါအစိတ်အပိုင်းများ ရောင်ရမ်းသောလက္ခဏာတွေ့ရကာ တချို့ကလေးများတွင် ရောဂါပြင်းထန်မှုများ ခံစားရနိုင်ကြောင်း၊ အဝလွန်သောကလေး၊ ဆီးချိုရှိသူ၊ ပန်းနာရင်ကျပ်ရှိသူ၊ အဆုတ်မကောင်းသူ၊ သွေးထဲတွင် သွေးနီဥ ပုံပျက် နေသောရောဂါရှိသူ၊ ကိုယ်ခံအားကျဆင်းသူ စသည့် ကလေးများတွင် ကိုဗစ်ရောဂါဖြစ်ပါက သာမန်ကလေးများထက် အန္တရာယ်ပိုရှိကြောင်း သိရသည်။

> **❍ ကလေးများတွင် Biological Factor (ခေါ်)သဘာဝဇီဝဖြစ်စဉ် ကိုယ်ခံအားစနစ်က ကောင်းစွာဖွံ့ဖြိုးပြီး ရောဂါပိုးကို တိုက်ထုတ်နိုင်စွမ်းရှိသဖြင့် ကလေးများသည် လူကြီးများလောက် ရောဂါလက္ခဏာ ပြင်းထန်စွာ မခံစားရနိုင်ကြောင်း၊ သို့သော် ကလေးများတွင် ရောဂါဖြစ်ပွားပြီးနောက် နောက်ဆက်တွဲရောဂါဝေဒနာများ ခံစားရတတ်ပြီး အထူးသဖြင့် ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းများ ရောင်ရမ်းသောလက္ခဏာတွေ့ရကာ တချို့ကလေးများတွင် ရောဂါပြင်းထန်မှုများ ခံစားရနိုင်ကြောင်း၊ အဝလွန်သောကလေး၊ ဆီးချိုရှိသူ၊ ပန်းနာရင်ကျပ်ရှိသူ၊ အဆုတ်မကောင်းသူ၊ သွေးထဲတွင် သွေးနီဥ ပုံပျက်နေသော ရောဂါရှိသူ၊ ကိုယ်ခံအားကျဆင်းသူ စသည့် ကလေးများတွင် ကိုဗစ်ရောဂါဖြစ်ပါက သာမန်ကလေးများထက် အန္တရာယ်ပိုရှိကြောင်း သိရသည်**

မြန်မာနိုင်ငံအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ စက်တင်ဘာလ တတိယပတ်ခန့်အထိ ထုတ်ပြန်မှုစာရင်းအရ တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ ခုနစ်ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်အောက် ကလေးများဖြစ်ကြောင်း၊ သေဆုံးမှုအနေဖြင့် အသက် ၁၅ နှစ်အောက် သေဆုံးမှုသည် တတိယလှိုင်းအစမှ စက်တင်ဘာလ ၆ ရက်နေ့အထိ ၂၀ ဦးရှိကြောင်း သိရသည်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC)၏ ပြောပြချက်အရ လက်ရှိအချိန်အထိ စာရင်းဇယားအချက်အလက်များအရ အသက် ၁၈ နှစ်အောက်ကလေးများ ရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှု၏ ၈ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည်။ ထို့ကြောင့် ဖော်ပြပါအခြေအနေများကို ခြုံငုံသုံးသပ်ကြည့်ပါက ကလေးများက လူကြီးများလောက် ကိုဗစ်အန္တရာယ် ဆိုးဆိုးရွားရွား မဖြစ်နိုင်သော်လည်း မပေါ့ဆသင့်ဘဲ ကိုယ်ခံအားကောင်းမွန်စေရန် အရေးကြီးပြီး ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းက ကိုဗစ်ရောဂါကို ရှောင်လွှဲနိုင်သော အဓိကအကြောင်းရင်း ဖြစ်ပေသည်။

### နိုင်ငံတကာကလေးများ ကာကွယ်ဆေးထိုးနှံပေးနေမှုများ

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း "ဒယ်လ်တာပိုး" ကူးစက်ပြန့်ပွားမှုတွင် နိုင်ငံတချို့ရှိ ကလေးသူငယ်အချို့၌ ကူးစက်မှုများဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် ကလေးသူငယ်များ ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။ အကယ်၍ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်စွာခံစားရမှုကို ထိထိရောက်ရောက် လျှော့ချနိုင်သည့် အကျိုးကျေးဇူးများစွာရှိကြောင်း သိရသည်။ ယခုအခါ အဆိုပါ ကာကွယ်ဆေးကို ကလေးနှင့်လူငယ်များအား ထိုးနှံပေးလျက်ရှိရာ တရုတ်နိုင်ငံ၌ အသက်သုံးနှစ်မှ ၁၇ နှစ်ကြား ၆၃ သန်းကိုလည်းကောင်း၊ ချီလီနိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၇ နှစ်ကြားရှိ ကလေးသူငယ် ၁၁ သိန်းကျော်ကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ အသက်ခြောက်နှစ်မှ ၁၇ နှစ်ကြားရှိ ကလေးသူငယ် သုံးသိန်းငါးသောင်းကျော်ကိုလည်းကောင်း ကာကွယ်ဆေး စိတ်ချလက်ချ ထိုးနှံပေးပြီးဖြစ်ကြောင်း လေ့လာသိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားနှုန်း သိသာစွာ ကျဆင်းလာမည့် မကြာမီကာလတွင် ကလေး လူငယ်များအား ကာကွယ်ဆေးထိုးနှံပေးပြီး ပညာဆက်လက်သင်ကြားနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်ပေသည်။

### မြန်မာပြည်တွင်း ဆေးထိုးနှံခြင်း အစီအစဉ်များ

ယခုအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အဆက်မပြတ်ရောက်ရှိနေပြီး ဦးစားပေးအုပ်စုအလိုက် ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ကာကွယ်ဆေးထိုးနှံထားခြင်းသည် ရောဂါကူးစက်မှုကို လျှော့ချနိုင်ပြီး စိတ်ချရသော အခြေအနေရှိသောကြောင့် ကာကွယ်ဆေးထိုးနှံခြင်းကို အသိတရားဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က စက်တင်ဘာလကုန်အထိ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကို ကာကွယ်မှုပေးနိုင်ရန် ညွှန်ကြားထားပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာလ ၁ ရက်နေ့အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၈ ဒသမ ၂၆၄ သန်း ကျော်ရှိပြီး ကာကွယ်ဆေး နှစ်ကြိမ်ပြည့်ထိုးနှံပြီးသူ ၃ ဒသမ ၈၆၃ သန်း၊ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၄ ဒသမ ၄ သန်းရှိကြောင်း သိရသည်။ လက်ရှိတွင် ပြည်တွင်း၌ ကာကွယ်ဆေး စုစုပေါင်း ၁၈ သန်းရှိပြီး တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့က လှူဒါန်းထားသော ကာကွယ်ဆေး စုစုပေါင်း ငါးသန်းကျော် ရရှိထားကြောင်းနှင့် Sinovac ကာကွယ်ဆေး ခုနစ်သိန်းကျော်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် အကုန် ဒီဇင်ဘာလတွင် အသက် ၁၈ နှစ် အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် တရုတ်နိုင်ငံမှ လှူဒါန်းသည့်ကာကွယ်ဆေး နှစ်သန်း ထပ်မံရောက်ရှိလာမည်ဖြစ်ရာ ၎င်းဆေးအား ကျောင်းသား ကျောင်းသူများကို ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများအလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုစာရင်းများတွင် မြန်မာနိုင်ငံသည် အဆင့် ၆၂ တွင်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ဖြင့် သေဆုံးမှုစာရင်းများ၌ မြန်မာနိုင်ငံကအဆင့် ၅ နေရာတွင်ရှိနေသည်။ "ဒယ်လ်တာ" အပါအဝင် ဗီဇမျိုးကွဲသစ်များ အန္တရာယ်ကြောင့် တချို့နိုင်ငံများတွင် စတုတ္ထလှိုင်းကို ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ကာကွယ်ဆေးကြိုတင်ထိုးနှံထားခြင်းက အကောင်းဆုံးကာကွယ်မှုဖြစ်စေပါမည်။

### အိမ်တွင်း ကြိုတင်ပြင်ဆင်မှု

ဈေးကွက်ထဲရှိ နှာခေါင်းစည်းတချို့က အလယ်တန်းကလေးများ၏ မျက်နှာတွင် အံဝင်ခွင်ကျ (ကွက်တိ) မဖြစ်ဘဲ လစ်လပ်မှုများ ရှိနေတတ်ရာ အပြည့်အဝ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းတစ်ထပ်၊ ၎င်းအပေါ်တွင် ချည်သားအဝတ်နှာခေါင်းစည်းတစ်ထပ် စုစုပေါင်း နှာခေါင်းစည်းနှစ်ထပ်တပ်သော အလေ့အကျင့်ကို အိမ်တွင် ကြိုတင်လေ့ကျင့်ပေးထားနိုင်ပါက မကြာမီ ကျောင်းပြန်ဖွင့်သည့်အခါ အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ကျောင်းဖွင့်ချိန်အမီ ကိုယ်ခံအားကောင်းစေရေးအတွက် ကလေးများအား အိပ်ရေးဝဝအိပ်စက်ခိုင်းရန်၊ ဂိမ်းအလွန်အကျွံ မကစားစေရန်၊ အာဟာရပြည့်ဝသော အစားအစာများ ကျွေးမွေးရန်၊ အရောင်အသွေးစုံလင်သော အသီးအရွက်မျိုးစုံကျွေးရန်၊ ရေများများသောက်ခိုင်းရန် ပြည်သူများကို အကြံပြုလိုပါသည်။ ကိုယ်လက်လှုပ်ရှားမှုအနေဖြင့် အသက် ငါးနှစ်မှ ၁၇ နှစ်အရွယ်များအား တစ်ရက်လျှင် မိနစ် ၆၀ ကိုယ်လက်လှုပ်ရှားမှုပြုရန်လိုအပ်နေပြီး အသက် ၁၈ နှစ်အထက်အား တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် ကိုယ်လက်လှုပ်ရှားမှု ပြုကြစေလိုပါသည်။

အချုပ်အားဖြင့်ဆိုသော် ကာကွယ်ဆေး စနစ်တကျထိုးနှံပြီးစီးမှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုများ ကွင်းဆက်ပြတ် ထိန်းချုပ်တားဆီးနိုင်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများ အပြန်အလှန် ယုံကြည်စိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည် ဖြစ်ပေသည်။ သို့ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာနေပြီး ပြည်သူများ လူမှုစီးပွားဘဝ ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ကလေးသူငယ် လူငယ်လူရွယ်များ အနာဂတ် မျှော်လင့်ချက်ရောင်ခြည် ပေါ်ထွက်လာစေရန် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများအားလုံး ကာကွယ်ဆေးထိုးနှံရေးစီမံချက်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။




# ကချင်ပြည်နယ်တရားလွှတ်တော်ရုံး ဆောက်လုပ်နိုင်ရေးအတွက် လျာထားမြေနေရာများကို ကွင်းဆင်းစစ်ဆေး



တရားလွှတ်တော်ရုံး မြေနေရာလျာထားမှုကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုနေစဉ်။

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် တရားလွှတ်တော်ရုံး ဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ကွင်းအမှတ်-၄ ယောရင်းကွင်းမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေ ၆၀ ဒသမ ၉၂၀ ဧကနှင့် အေးမြသာယာရပ်ကွက်အတွင်းရှိ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် ဘောလုံးကွင်းဘေးရှိ မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည့် မြေနေရာအကျယ်အဝန်း ရရှိနိုင်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)

# နေရပ်စွန့်ခွာစခန်းများမှပြည်သူများအား ကိုဗစ်-၁၉ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မြောက်ဦး အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် ယာယီဖွင့်လှစ်ထားသော နေရပ်စွန့်ခွာစခန်းများရှိ အသက် ၁၈ နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက သတ်မှတ်စုရပ်နေရာများ၌ အောက်တိုဘာ ၉ ရက်က ဆက်လက်ထိုးနှံပေးသည်။ **(ယာပုံ)**

ဒိုင်းဂျီဘုန်းတော်ကြီးကျောင်းဟောင်းနှင့် ဒိုင်းဂျီဘုန်းတော်ကြီးကျောင်းသစ်တို့၌ ယာယီဖွင့်လှစ်ထားသော နေရပ်စွန့်ခွာစခန်းများမှ အသက် ၁၈ နှစ်အထက် ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးမီ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများဖြစ်သည့် ကိုယ်အပူချိန်၊ သွေးပေါင်ချိန်၊ သွေးတွင်းအောက်ဆီဂျင်ပမာဏ ပြည့်ဝမှု ရှိ/မရှိ တိုင်းတာပေးခြင်းများနှင့် သွေးတိုး/ ဆီးချိုရောဂါစသည့် ရောဂါများရှိ/မရှိတို့ကို စနစ်တကျစစ်ဆေးပြီး ကျန်းမာရေးအသိပညာပေး ရှင်းလင်းဟောပြောခြင်းများ ပြုလုပ်ပြီးမှ ကာကွယ်ဆေးများ ထိုးပေးခြင်း ဖြစ်သည်။



ကာကွယ်ဆေးထိုးပေးရာတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့်အတူ အောင်တပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နေရပ်စွန့်ခွာစခန်းတာဝန်ခံများက ပူးပေါင်းဆောင်ရွက်ပေးရာ နေရပ်စွန့်ခွာစခန်းနှစ်ခုမှ ပြည်သူ ၁၉၆ ဦးကို ကာကွယ်ဆေးများထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

# ပုသိမ်-ကြံခင်း စာပို့ရထား ပြန်လည်ပြေးဆွဲ

**ကြံခင်း အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ကြံခင်းမြို့ကြား ပြေးဆွဲသည့် ပုသိမ်မြို့မှ ကြံခင်းမြို့သို့ (၁၈၅)အဆန်နှင့် ကြံခင်းမြို့မှ ပုသိမ်မြို့သို့ (၁၈၆)အစုန် စာပို့ရထားကို အောက်တိုဘာ ၁၀ ရက် နံနက်မှစ၍ ပြန်လည်ပြေးဆွဲကြောင်း သိရသည်။

အမှတ်(၉)တိုင်းနယ်မြေအတွင်း လက်ရှိလော်ကယ်ရထား ပြေးဆွဲရာမှ ရပ်နားထားသဖြင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် ခရီးသွားပြည်သူများ သက်သောင့်သက်သာသွားလာနိုင်ရန် စာပို့ရထားပြေးဆွဲခြင်းကို မန်နေဂျာ(သွားလာရေး/တိုင်း) အမှတ်(၉) တိုင်း(ဟင်္သာတ)၏ ညွှန်ကြားချက်ဖြင့် ပြန်လည်ပြေးဆွဲခြင်းဖြစ်သည်။ **(အောက်ပုံ)**

ထိုသို့ပြေးဆွဲရာတွင် (၁၈၅) အဆန် စာပို့ရထားသည် ပုသိမ်မြို့မှ နံနက် ၆ နာရီထွက်ကာ ဟင်္သာတသို့ မွန်းတည့် ၁၂ နာရီရောက်ပြီး ကြံခင်းမြို့သို့ ညနေ ၆ နာရီတွင် ရောက်ရှိကြောင်း၊ အလားတူ (၁၈၆) အစုန်စာပို့ရထားသည် ကြံခင်းမြို့မှနံနက် ၆ နာရီထွက်ရာ ဟင်္သာတမြို့သို့ နံနက် ၁၁ နာရီ ၄၁ မိနစ်တွင်ရောက်ပြီး ပုသိမ်မြို့သို့ ညနေ ၆ နာရီ ၂၅ မိနစ်တွင်ရောက်မည်ဖြစ်ကြောင်း၊ စာပို့ရထားတွင် တွဲကြီးလေးတွဲ၊ တွဲလေး တစ်တွဲ၊ ပါဆယ် တစ်တွဲ၊ ဘရိတ်တစ်တွဲ တပ်ဆင်ပြေးဆွဲမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်နှင့်အညီ ခရီးသည်များအား နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးပိုစတာများ ကပ်ထားပေးခြင်း၊ ခရီးသည်တစ်ဦးလျှင် ထိုင်ခုံနှစ်ခုံ စီစဉ်ပေးခြင်းများလည်း ဆောင်ရွက်ထားရှိကြောင်း ကြံခင်းမြို့နယ်ရုံပိုင်ကြီး ဦးမောင်မောင်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ဇီးကုန်းမြို့နယ်၌ ခြောက်လဘဏ္ဍာနှစ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းတစ်ခု ဆောင်ရွက်မည်

**ဇီးကုန်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ကျေးလက်ကုန်ထုတ်လမ်းတစ်ခု ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ မယင်း(အနောက်စု)ကျေးရွာတွင် အရှည် ပေ ၆၁၀၀၊ အကျယ် ၁၀ ပေ၊ ထု ကိုးလက်မနှင့် တစ်ပေအကျယ်လမ်းပခုံးနှစ်ဖက်ပါရှိသော မြေနီကျောက်စရစ်လမ်းကို ဖောက်လုပ်မည်ဖြစ်ကြောင်းနှင့် တောင်သူများစိုက်ပျိုးထားသည့် သီးနှံများ ရာသီမရွေး သယ်ပို့နိုင်ရန်နှင့် ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုခွင့်ပြုငွေကျပ် ၄၂ ဒသမ ၃၅၈ သန်းအသုံးပြုပြီး အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်က ပြောသည်။

"စိုက်ပျိုးရေးတောင်သူတွေ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေတာပါ။ အရင်က ကုန်ထုတ်လမ်းတွေမရှိတော့ စိုက်ပျိုးတဲ့ သီးနှံတွေ မိုးဒဏ်၊ လေဒဏ်တွေကြောင့် လေလွင့်မှုတွေနဲ့ ပျက်စီးမှုတွေ ဖြစ်ကြပါတယ်။ အဲဒါကြောင့် ကျေးလက်ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနေတာပါ။ တင်ဒါတွေ စတင်ခေါ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ကိုညို(ကျေးလက်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် နှိုးဆော်ချက် ပိုစတာ (၃)

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

ဆရာ၊ ဆရာမများ ကြိုတင်ဆောင်ရွက်ရမည့်
ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက်ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို အမြဲတပ်ဆင်ရန်၊

၃။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask)တပ်ဆင်ရန်၊ Air-con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများ ဖွင့်၍ စီးနင်းရန်၊

၄။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ဆောင်ရွက်ရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊

၅။ ကျောင်းသို့လာသည့် ကျောင်းသားများကို စာသင်ကျောင်းဂိတ်ဝတွင် အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာနိုင်ရေး၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် လက္ခဏာများ တွေ့ရှိပါက တာဝန်ရှိသူ (သို့) နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊


၆။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှုအခြေအနေဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4)နှင့်အညီ ကျောင်းနှင့်စာသင်ခန်းများ ကြိုတင်ပြင်ဆင်နိုင်ရေး၊ ကျောင်းအုပ်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်၊

၇။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာမှသာ ပြောဆိုဆက်ဆံ၍ ကျောင်းလုပ်ငန်းများနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အတန်းတွင်းသင်ကြားသင်ယူခြင်းနှင့် လူစုလူဝေးဖြစ်စေမည့် အစည်းအဝေးများ၊ ကျောင်းတွင်း လှုပ်ရှားမှုများဆောင်ရွက်ခြင်းကို ခပ်ခွာခွာနေခြင်း(Social Distancing) မှုနှင့်အညီ ဆောင်ရွက်ရန်၊

၉။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံးနှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

၁၀။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီးသို့ တင်ပြရန်၊




## ဆီဆိုင်မြို့နယ်ရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်များကို နေ့စဉ်ဖြည့်ဆည်းပို့ဆောင်ပေးလျက်ရှိ

**ဆီဆိုင် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ပြည်သူ့ဆေးရုံအတွက် လိုအပ်သောအောက်ဆီဂျင်များကို ဇဝနာရာမစာသင်တိုက်အတွင်း တည်ဆောက်ပြီးစီးနေသည့် အောက်ဆီဂျင်စက်မှ အောက်တိုဘာ ၅ရက်မှစ၍ ဖြည့်ဆည်းပို့ဆောင်ပေးလျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်မှာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၃၀ ထွက်ရှိပြီး မြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အောက်ဆီဂျင်လိုအပ်မှုများအတွက် အချိန်နှင့်တစ်ပြေးညီ အခမဲ့ဖြည့်ဆည်းပို့ဆောင်ပေးလျက်ရှိသည်။

အောက်ဆီဂျင်စက်ရုံကို ဆီဆိုင်မြို့ ဇဝနာရာမစာသင်တိုက် ဆရာတော်ဦးကောဝိဒ ဦးစီးဦးဆောင်ကာ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ကာလတန်ဖိုးမှာ ငွေကျပ်သိန်း ၆၈၀ ခန့် ဖြစ်ကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)

# ကော့သောင်းမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၂၆၅၆ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ထား

**ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်း/အထက်တန်း ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိုးနှင့် ကော့သောင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်တို့အား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြအပ်ပါသည် -**

### ဒေါ်သန်းစိုး (ပညာရေးမှူး)

**မေး ။ ။ ကော့သောင်းမြို့ အခြေခံပညာကျောင်းတွေက ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးမယ့် အစီအစဉ်နဲ့ပတ်သက်ပြီး သိပါရစေရှင့်။**

ဖြေ ။ ။ ဆေးထိုးပေးမယ့် ကျောင်းသား ကျောင်းသူတွေကတော့ မြို့နယ်အတွင်း အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွေမှာ ကျောင်းအပ်နှံထားတဲ့ အသက် ၁၂ နှစ်ပြည့်ပြီး အသက် ၁၈ နှစ်ထက် မကျော်သူတွေကို ထိုးနှံပေးမှာဖြစ်ပါတယ်။

**မေး ။ ။ ဘယ်နေ့လောက် စထိုးပေးမယ်ဆိုတာရယ်၊ ထိုးပေးမယ့် ဆေးအမျိုးအစား သိပါရစေရှင့်။**

ဖြေ ။ ။ အခုလာမယ့် အောက်တိုဘာ ၁၂ ရက်နေ့လောက်မှာ ထိုးပေးဖို့စီစဉ်ထားပါတယ်။ ထိုးပေးမှာကတော့ တရုတ်နိုင်ငံကထုတ်လုပ်တဲ့ Sinovac ဆေးအမျိုးအစား ဖြစ်ပါတယ်။

**မေး ။ ။ ကော့သောင်းမြို့အနေနဲ့ ကျောင်းသားကျောင်းသူတွေကိုဆေးထိုးပေးမယ့်စုရပ် ဘယ်နှခုလောက် ရှိပါသလဲရှင့်။**

ဖြေ ။ ။ ကော့သောင်းမြို့နယ်မှာ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက ဆယ်မိုင်ရွာ၊ အထက-မလိဝမ်းရွာ၊ အလကခွဲ-ချန်းဖန်းရွာ၊ အလကခွဲ-အော်ကြီး၊ အထက အောင်ဘာရွာ၊ အထကခမောက်ကြီးမြို့၊ အထက-အေးချမ်းသာရွာ၊ အလကခွဲ-မာရမ်းရွာ၊ အထက-ဇာဒက်ကြီးကျွန်းဆိုပြီး ဆေးထိုးစုရပ်က ၁၂ ခု သတ်မှတ်ထားပါတယ်။

**မေး ။ ။ ဟုတ်ကဲ့ အခုလိုဆေးထိုးမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဆေးလာထိုးမယ့်နေ့မှာ ဘာတွေများ ကြိုတင်ဆောင်ရွက်လာရမလဲ၊ ဘာတွေများ ယူဆောင်လာရမလဲရှင့်။**

ဖြေ ။ ။ ဆေးမထိုးခင်ကတည်းက မြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းတွေက ဆေးထိုးခံမယ့်



မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိုး

ကျောင်းသားတွေရဲ့ မိဘတွေဆီကို အသိပေးချက်တွေ၊ ဆေးထိုးဖို့ သဘောတူညီချက်တွေပါတဲ့စာတွေ သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ်ကြီးတွေကတစ်ဆင့် ဖြန့်ဝေပေးထားပြီးပါပြီ။ ဆေးထိုးဖို့ သဘောတူရင် သဘောတူခွင့်ပြုတဲ့ လက်မှတ်ရေးထိုးပြီး ဆေးထိုးမယ့်နေ့မှာ တစ်ပါတည်းယူဆောင်လာရပါမယ်။ နောက်ကျောင်းသားတစ်ဦးကို မိဘအုပ်ထိန်းသူတစ်ဦးပါ လိုက်ပါလာရပါမယ်။ မှတ်ပုံတင်ပြုလုပ်ထားပြီးတဲ့ ကျောင်းသားဆိုရင် မှတ်ပုံတင်ပါယူလာရပါမယ်။ ဒါ့အပြင် မွေးသက္ကရာဇ်အမှန်ဖော်ပြနိုင်ဖို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးက ထောက်ခံဆောင်ရွက်ချက်ပါ ယူဆောင်လာရပါမယ်။

**မေး ။ ။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးတာနဲ့ပတ်သက်ပြီး ဘာများထပ်ပြီးဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါရှင့်။**

ဖြေ ။ ။ ဟုတ်ကဲ့ပါ၊ကျောင်းသားမိဘတွေအနေနဲ့ မိမိကလေးတွေကို ဆေးထိုးဖြစ်အောင် ထိုးကြဖို့ အထူးတိုက်တွန်းလိုပါတယ်။ ဆေးမထိုးချင်တဲ့သူတွေကိုတော့ အတင်းအကျပ်တော့ မထိုးခိုင်းပါဘူး။ သက်ဆိုင်ရာ မိဘအုပ်ထိန်းသူက သဘောမတူရင် ထိုးမပေးပါဘူး။ ဆေးမထိုးပေမယ့် ကျောင်းလာအပ်ခဲ့လို့ရှိရင် ကျွန်မတို့ကတော့ ကျောင်းအပ်လက်ခံပေးမှာပါ။ မိမိရဲ့ရင်သွေး သားသမီးငယ်လေးတွေ ရောဂါဘယကင်းဝေးစွာနဲ့ ပညာသင်ကြားနိုင်ဖို့ အနာဂတ်ဘဝတွေသာယာလှပဖို့ ကာကွယ်ဆေးကို ထိုးဖြစ်အောင်ထိုးကြပါလို့ တိုက်တွန်းလိုပါတယ်ရှင်။



ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်

### ဒေါက်တာလင်းထိုက် (ခရိုင်ဆေးရုံအုပ်ကြီး)

**မေး ။ ။ ကော့သောင်းမြို့နယ်မှာ ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမယ့်အခြေအနေနဲ့ ကာကွယ်ဆေးရရှိမယ့် အခြေအနေလေးတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ အခု ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ကိုတော့ အခု အောက်တိုဘာလ ဒုတိယပတ်ကစပြီး နိုဝင်ဘာလ ဒုတိယပတ်အတွင်း ထိုးပေးပြီး ဒုတိယအကြိမ်ကိုတော့ နိုဝင်ဘာလ ဒုတိယပတ်ကနေပြီး ဒီဇင်ဘာလ ပထမပတ်အတွင်း ဆေးရောက်ရှိမယ့် အခြေအနေအပေါ်မူတည်ပြီး ထိုးနှံပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ အခု ကာကွယ်ဆေးထိုးမယ့်နေရာမှာ ဆေးထိုးအစုအဖွဲ့တွေအနေနဲ့ ကျန်းမာရေးဌာနက ကြိုတင်ဆောင်ရွက်ထားရှိတဲ့ အခြေအနေလေးတွေကိုလည်း သိပါရစေရှင့်။**

ဖြေ ။ ။ ကာကွယ်ဆေးထိုးတဲ့နေရာမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးဆောင်ပြီးတော့ ကာကွယ်ဆေးထိုးအဖွဲ့ နှစ်ဖွဲ့ဖွဲ့စည်းထားပါတယ်။ ကျန်းမာရေးဦးစီးဌာနက ချပေးထားတဲ့ ညွှန်ကြားချက်အရ အဖွဲ့တစ်ဖွဲ့မှာ ၁၂ ဦးပါရှိပါမယ်။ အဖွဲ့ထဲမှာ ကျန်းမာရေးဝန်ထမ်း နှစ်ဦး၊ ပညာရေးဝန်ထမ်း လေးဦး၊ ကျန်တဲ့ခြောက်ဦးကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဌာနနဲ့ လူမှုကူညီရေးအဖွဲ့တွေထဲက ဖြစ်ပါတယ်။

**မေး ။ ။ ကော့သောင်းမြို့နယ်မှာ ကာကွယ်ဆေးထိုးပေးမယ့် ကျောင်းသားကျောင်းသူဦးရေ ဘယ်လောက်ရှိပါသလဲရှင့်။**

ဖြေ ။ ။ ကော့သောင်းမြို့နယ်အနေနဲ့ ပညာရေးဌာနနဲ့ ညှိနှိုင်းပြီးတော့ ဆေးထိုးစုရပ်ကို ၁၂ နေရာ သတ်မှတ်ထားပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေက ကျောင်းသား ၈၂ ဦး၊ ကိုယ်ပိုင်အထက်တန်းကျောင်းက ခုနစ်ဦး၊ နည်းပညာအထက်တန်းကျောင်း က ၂၅ ဦး၊ အလကကျောင်းတွေက ၂၁၇၄ ဦးနဲ့ အထကကျောင်းတွေက ၃၆၈ ဦးရှိပြီး အကြိမ်းဖျင်းအားဖြင့် ဆေးထိုးပေးရမယ့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၅၆ ဦးကို ဆေးထိုးနှံဖို့ အားလုံးစီစဉ်ပြီးဖြစ်ပါတယ်။

**မေး ။ ။ ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး ဘာများဖြည့်စွက်အကြံပြုချင်ပါသေးသလဲရှင်။**

ဖြေ ။ ။ ဟုတ်ကဲ့ပါ။ အခုလိုကာလမှာ ကိုဗစ်ကာကွယ်ဆေး ထိုးနှံခွင့်ရတာဟာ ဆုလာဘ်တစ်ပါးဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ကြရတဲ့ လူနာ ၈၀ ရာခိုင်နှုန်းလောက်ဟာ ကာကွယ်ဆေးထိုးထားခြင်းမရှိတဲ့လူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးကုသမှုခံယူရင်း သေဆုံးခဲ့ရတဲ့လူအားလုံးဟာ ကာကွယ်ဆေး အကြိမ်ပြည့်မထိုးထားတဲ့လူတွေ ဖြစ်နေကြတာ တွေ့ရပါတယ်။ ဆေးအကြိမ်ပြည့် ထိုးနှံထားတဲ့လူတွေ တစ်ယောက်မှ သေဆုံးတာ မတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ကျောင်းသားမိဘတွေအနေနဲ့လည်း ကောလာဟလ သတင်းစကားတွေကို မယုံကြဘဲ ဒီလို ကိုဗစ်ကာလမှာ ကိုယ့်သားသမီးရင်သွေးငယ်တွေ ကျန်းမာရေးအတွက် အခုလိုရလာတဲ့အခွင့်အရေးကို အပြည့်အဝအသုံးချဖို့အတွက် အကြံပြုတိုက်တွန်းချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း- ဒေါ်မေဇင်ဦး**
**ဓာတ်ပုံ- ကျော်စိုး(ကော့သောင်း)**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံး အောက်ဆီဂျင်စက်နှင့် အခြား ဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင် (အရည်အိုး) Bowser ယာဉ်ဖြင့် အောက်ဆီဂျင် တန် ၂၀ နှင့် နှာခေါင်းစည်း (Mask) ၈ တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင်(အရည်အိုး) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။ **သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၀-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ရတနသုတ်၊မောရ္ဇသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ကိုဗစ်နှင့်ရေအာဟာရ |
| ၀၉:၂၀ | မွေးမြူရေးရာအဖြာဖြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ |
| ၁၇:၀၅ | This Week's Special Interest |
| ၁၇:၃၀ | ကျန်းမာရေးမဂ္ဂဇင်း 'တုပ်ကွေးရောဂါနှင့်တိုင်းရင်းဆေးပညာ' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၉:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၇၇) |
| ၂၂:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအလုပ်' |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Myanmar Sculpture-work of Art |
| 07:42 | South Okkalapa Pagoda |
| 08:01 | Myanmar Masterclass: Min Wae Aung |
| 08:14 | Moyingyi Wildlife Sanctuary |
| 08:32 | Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar |
| 08:47 | Let's Taste Delicious Insects |
| 09:01 | Travelogue: Ngwe Saung Beach |
| 09:21 | The Third Prize Winner |
| 09:38 | Discovering Tribes: Da Nu (Their Life and Customs) (Part-1) |
| 10:29 | Today Myanmar: Tea Export |
| 10:54 | Thadingyut Lighting Festival |
| 11:24 | Irrawaddy Dolphin (Part-2) |
| 11:54 | Myanma Traditional Art, Silversmith |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ရှမြင်စေချင်ကော်ယော်(မိုန)တို့ရဲ့ဓလေ့အသွင်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ခရုဟင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပဝင်းရော်ဒေသ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်စာပေသင်ကြားရအောင်(အပိုင်း-၄)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အိပ်မက်ကကြိုးကာခုန်သူ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှမ်းမြို့တဲ့လမ်းခရီး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခဲ့ရိုးရာခေါင်းပေါင်းပေါင်းနည်း

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အသိပေးနှိုးဆော်ချက်

နိုင်ငံတော်၏ အရေးပေါ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် PDF အဖွဲ့များသည် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် နေ့စဉ်ဖောက်ခွဲဖျက်ဆီးမှုများနှင့် အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိပါသည်။

မကြာမီကာလတွင် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလများသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ယင်းကာလများကိုအကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်လေ့ရှိသဖြင့် အကြမ်းဖက်သမားများအနေဖြင့် ယင်းတို့ကို အခွင့်ကောင်းယူပြီး အကြမ်းဖက်မှုများကို ပိုမိုကျူးလွန်လာနိုင်ပါသည်။

သို့ဖြစ်၍ မီးရှူးမီးပန်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများမှ ဦးတည်အုပ်စုများတွင် ပါဝင်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ရသေ့တောင် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ နေရပ်စွန့်ခွာနေကြသည့် တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများရှိ အသက် (၄၅) နှစ်အထက်နှင့် ဦးတည်အုပ်စုများတွင် ပါဝင်သည့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ကို သတ်မှတ်စုရပ်အသီးသီးတွင် ယနေ့ နံနက်ပိုင်းမှစ၍ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရာတွင် သတ်မှတ်စုရပ်များဖြစ်သည့် အရှေ့မြောက်ရပ်ကွက်စုရပ်၊ စေတီတောင်ဓမ္မာရုံစုရပ်၊ စေတီပြင်စုရပ်၊ လောင်းချောင်းစုရပ်၊ ကူတောင်စုရပ်နှင့် ဘာထလေစုရပ်များတွင် နေရပ်စွန့်ခွာ ခိုလှုံနေကြသည့် တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများမှ အသက် (၄၅) နှစ်အထက်ရှိသူများနှင့် ဦးတည်အုပ်စုများတွင် ပါဝင်သည့် ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို သတ်မှတ်စုရပ် ငါးခု၊ ဆေးထိုးနေရာ ခြောက်နေရာတို့တွင် တိုက်ပွဲရှောင် ကယ်ဆယ်ရေးစခန်းများရှိ နေရပ်စွန့်ခွာ ခိုလှုံနေကြသည့် ဒေသခံပြည်သူများအနက် အသက် (၄၅) နှစ်နှင့် အထက်ရှိသူများနှင့် ဦးတည်အုပ်စုများတွင် ပါဝင်သည့် ဒေသခံပြည်သူ စုစုပေါင်း ၆၃၆ ဦးတို့အား ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။

**အောင်စံထွန်း (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁၀ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၂၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၅၁၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၂၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၂၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၅၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၆၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၇၃ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၅၃ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၂၈၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၆၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၀၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၅၁၉ | ၁၃၃၆၇၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၅၅၆၅ | ၁၇၈၀၈၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀ | ၄၁၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၅ | ၁၄၈၅၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၁ | ၉၁၄၅၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၁ | ၅၄၉၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ






အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်အမှုသည်များဖြစ်သော ဒေါ်ယဉ်ယဉ်မြင့်(၁၀/မဒန (နိုင်) ၀၅၂၄၉၈)၊ ဦးဝင်းသိန်း (MDN-၀၁၁၃၆၀)၊ ဦးငယ်စံထွေး (၁၂/အစန (နိုင်) ၁၃၂၂၆၂) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၁)လမ်း၊ အမှတ်-၂၂-က² ဟုခေါ်တွင်သော အလျား (၂၄)ပေ x အနံ (၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်နေအိမ်တို့သည် ကျွန်ုပ်အမှုသည်များအပါအဝင် ညီအစ်ကိုမောင်နှမများအားလုံးနှင့်သက်ဆိုင်သည့် မိဘများကျန်ရှိခဲ့သော အမွေပုံပစ္စည်းဖြစ်ကြောင်း သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်အမှုသည်များသိရှိခြင်းမရှိဘဲ၊ သဘောတူညီမှုမရှိဘဲ အခြားသူတစ်ဦးကစ်ယောက်ထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်အတွက် အများသိစေရန်နှင့် ယင်းမြေကွက်နေအိမ်နှင့် ပတ်သက်၍ (၅-၁၀-၂၀၂၁)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ(၂၅) တွင် ကန့်ကွက်နိုင်ကြောင်းကြေညာထားသည့် အရောင်းအဝယ်ကိစ္စအတွက် စရံငွေပေးချေထားမှုအပေါ် ဆက်လက်အရောင်းအဝယ်မပြုလုပ်ရန် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဇော်ဝင်းလှိုင် (LL.B)** **ဦးကောင်းထက်ဇော် (LL.B)**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၇) ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၈၉)

အမှတ် (၅၀)၊ ဒု-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၄၂၁၀၇၃၆၁၉၊ ၀၉ ၇၉၅၇၁၅၂၃၅

**ပြင်ဆင်ဖတ်ရှုပါရန်**

(၈-၁၀-၂၀၂၁)ရက်စွဲပါမြန်မာ့အလင်းသတင်းစာ၏ကြော်ငြာစာမျက်နှာ(၃၀)တွင်ပါဝင်သည့်ကန့်ကွက်နိုင်ပါကြောင်းသတင်းစာတွင်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဦးစလမ်း၊မြေကွက်အမှတ်(၇၇၄)အား မြေကွက်အမှတ်(၇၄၄) ဟုပြင်ဆင်ဖတ်ရှုပါရန်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက နောင်ချိုမြို့နယ် မန္တလေး-လားရှိုးသွားကားလမ်း နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)အနီး၌ လားရှိုးမှ နောင်ချိုဘက်သို့ ကျော်မင်းဦး (ခ)ယောန (၂၆ နှစ်) မောင်းနှင်ပြီး မသင်းမြတ်ဆွေ(ခ)ယဉ်လှ (၂၄ နှစ်) လိုက်ပါလာသည့် မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၅၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၉ သိန်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှ ကရင်ပြည်နယ် ဘားအံမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မိုးညှင်း၊ မြဝတီနှင့် မြိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးညှင်းမြို့ ဟဲလုံကျေးရွာအုပ်စု သီတာရပ်ကွက် (ကွက်သစ်) နေ ဇော်မြင့်ဦး၏နေအိမ်ကို စစ်ဆေးရှာဖွေရာ ၎င်း၏ဇနီးဖြစ်သူ မဇင်မာဖြိုးနှင့်အတူ ဘိန်းစိမ်း ၆ ဒသမ ၅ ကီလိုကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် မြတ်လင်းအေးမြိုင် လမ်းတွင် စောထူး (ခ) စန်းထွေး မောင်းနှင်ပြီး ပိုင်ပိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၅၀၊ ငွေကျပ် ၅၃၀၀၀၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ဇေယျာသီရိ (၃)ရပ် ခူဒိုင်လမ်း မမိုးမိုးအေး(ခ) မိုးအေး၏နေအိမ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၇ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ပိုင်ပိုင်၊ စောထူး(ခ)စန်းထွေးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အန်ဒိုရာအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည့် အင်္ဂလန်အသင်း

**၂၀၂၂ ကာတာကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အန်ဒိုရာအသင်းနှင့် နာမည်ကြီး အင်္ဂလန်အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အန်ဒိုရာအသင်းကို အနိုင်ရရှိခဲ့သည်။ အင်္ဂလန်အသင်းအတွက် သွင်းဂိုးများကို ချီဝဲလ်၊ ဆာကာ၊ အေဗရာဟမ်၊ ဝက်ပရောက်စ်နှင့် ဂရီးလစ်ချ်တို့က သွင်းယူပေးနိုင်ခဲ့သည်။**

နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် အန်ဒိုရာအသင်းကို ကစားကွက်အသာ၊ နည်းဗျူဟာအသာ၊ ခြေအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် နည်းပြ အယ်ဗာရက်ဇ်၏ အန်ဒိုရာအသင်းသည် အင်္ဂလန်အသင်းဘက်သို့ ဂိုးကန်သွင်းမှု တစ်ကြိမ်သာရှိခဲ့သည်အထိ ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေခဲ့သည်။ ဖိုဒင်၊ အေဗရာဟမ်၊ ဆာကာ၊ ချီဝဲလ်စသည့် ကစားသမားများ ပုံမှန်ခြေစွမ်းပြသနိုင်သောကြောင့် အင်္ဂလန်အသင်းသည် အန်ဒိုရာအသင်းထက် ကောင်းမွန်သည့် ကစားဟန်နှင့် အသင်းလိုက်စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည်။ ထို့အပြင် ပွဲထွက်ခွင့်ရရှိလာသော ဆန်ချိုသည် ခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု နှစ်ကြိမ်အထိ ပြုလုပ်ထားနိုင်သည်။

အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် ဆန်ချို၏ ဖန်တီးမှုမှတစ်ဆင့် ချီဝဲလ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် အသင်းအတွက် ဒုတိယဂိုးပွဲချိန် မိနစ် ၄၀ တွင် ဖိုဒင်၏ ဖန်တီးမှုမှတစ်ဆင့် ဆာကာက သွင်းယူပေးနိုင်ခဲ့သည်။ သွင်းဂိုး နှစ်ဂိုး ခွင့်ပြုပေးလိုက်ရသော်လည်း အန်ဒိုရာအသင်း၏ ကစားဟန်ကောင်းမွန်လာခြင်းမရှိဘဲ သာမန်ခြေစွမ်းအောက် ရောက်ရှိနေသည့်အတွက် ပထမပိုင်းကို အင်္ဂလန်အသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အင်္ဂလန်အသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် တတိယဂိုး ရရှိခဲ့သည်။ အဆိုပါဂိုးကို ဆန်ချို၏ ဖန်တီးမှုမှပင် အေဗရာဟမ်က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် အင်္ဂလန်အသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီကို ဝက်စ်ပရောက်စ်ကန်သွင်းရာ လွဲချော်ခဲ့သော်လည်း ပြန်လည်အဆုံးသတ်နိုင်ခဲ့သည့်အတွက် အန်ဒိုရာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ အသင်းအတွက် ပဉ္စမမြောက်ဂိုးကို ဂရီးလစ်ချ်က ပွဲချိန် ၈၆ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည့်အတွက် အင်္ဂလန်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (I) တွင် ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၉ မှတ်ရရှိထားကာ အုပ်စုထိပ်ဆုံးတွင် ရပ်တည်နေသည်။ အုပ်စု ဒုတိယနေရာတွင် အယ်လ်ဘေးနီးယား အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ရပ်တည်နေသည်။

အခြားသော နာမည်ကြီးပွဲစဉ်ရလဒ်များတွင် ပိုလန်အသင်းက ဆန်မာရီနိုအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဒိန်းမတ်အသင်းက မော်ဒိုဗာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁–၁–၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ၊ Myawady Webportal www. myawady.net.mm/Sgt(male) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၉–၁၀–၂၀၂၂ ရက်နေ့မှ ၂၃–၁၁–၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ လျှောက်ထားရမည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A (၁၀၀၀၀)**ကျပ်၊ စုစုပေါင်း (၂၁၈၀၀၀)ကျပ် ရရှိမည်။]

